ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့၊ (15-12-2008) (၅၈၉၃)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများက ခင်းကျင်း ပြသထားသည့် ခေတ်မီအဆင့်မြင့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ အိုင်တီနည်းပညာသုံး ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



# ရတနာပုံမြို့သစ်၌ လက်ရှိရင်းနှီးလုပ်ကိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများ၏ အိုင်တီလုပ်ငန်းစက်ရုံ၊ အလုပ်ရုံများ အမြန်ပေါ်ထွက်လာအောင် ညှိနှိုင်းဆောင်ရွက် နောင်၌ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့် လုပ်ငန်းရှင်များအတွက် မြေနေရာသတ်မှတ်ထား

နေပြည်တော် ဒီဇင်ဘာ ၁၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဒီဇင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်လျက်ရှိသော ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းနှင့် စည်ပင်သာယာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အမျိုးသားကန်တော်ကြီးဥယျာဉ် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။**

## လှည့်လည်ကြည့်ရှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရ တင်အောင်မြင့်ဦးနှင့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆





## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အဆင့်မြင့်မွမ်းမံပြင်ဆင်ထားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)

အတည်ပြုချိန် - ၀၃း၀၀

ကြေးမုံ
The Mirror
၁၅-၁၂-၂၀၀၈
(တနင်္လာနေ့)

# ရှုမောသာယာ ပန်းပေါင်းစုံ ဖူးပွင့်ဝေဆာ တောင်စခန်းမြို့ ကန်တော်ကြီး ဥယျာဉ်သာ

ရေမြေသဘာဝအရင်းအမြစ်များ၊ သဘာဝရှုခင်းမြင်ကွင်းများ ကြွယ်ဝသော မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများ ပြည့်စုံနေသည်။ မန္တလေးတိုင်း ပြင်ဦးလွင်တောင်စခန်းမြို့ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် နှစ်ကာလရှည်လျားစွာ တည်ရှိနေသည့် ရုက္ခဗေဒဥယျာဉ်ဖြစ်သည်။

ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်းသုံးထောင်ကျော်တွင် တည်ရှိသည့် ပြင်ဦးလွင်တောင်စခန်းမြို့၏ အေးမြသော ရာသီဥတု၊ တောတောင်ရေမြေ သဘာဝအလှအပများနှင့် သစ်ပင်၊ ဝါးပင်မျိုးစုံ၊ ပန်းပေါင်းစုံတို့ ဖူးပွင့်ဝေဆာ ပန်းအလှတောမှ ရှုခင်းအဖြာဖြာကို ပြည်သူအများ အပန်းဖြေလေ့လာ ခံစားကြည့်ရှုနိုင်ရန် တည်ထောင်ထားခြင်း ဖြစ်သည်။

အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့်အတူ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ကိုလည်း ဖွင့်လှစ်ထားရာ ပြည်နယ်နှင့်တိုင်းများရှိ အထင်ကရ သဘာဝနေရာများ၊ အဆောက်အအုံများကို ကြည့်ရှုလေ့လာနိုင်သဖြင့် ပြည်ထောင်စုကြီးအတွင်းမှ ပြည်ထောင်စုငယ်များအသွင် တွေ့မြင်ခံစားကြရမည်ဖြစ်သည်။

ယခုအခါ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)၏ (၇၇)နှစ်မြောက်မွေးနေ့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (၂)နှစ်မြောက်မွေးနေ့၊ ခေတ်မီကလေးကစားကွင်းဖွင့်ပွဲနှင့် တတိယအကြိမ် ပန်းပွဲတော် အခမ်းအနားများကို ဒီဇင်ဘာ၁၁ ရက်မှ စတင်ကျင်းပလျက်ရှိသည်။

တတိယအကြိမ် ပန်းပွဲတော်၌ ပြည်တွင်းပြည်ပမှ ပန်းပွင့်ပေါင်းခုနစ်သန်းကျော် လှပစွာ ခင်းကျင်းပြသထားရာ ခရီးသွားပြည်သူများ ထုံသင်းသော ပန်းရနံ့များ ရှူရှိုက်ရင်း မြင်ကွင်းပသာဒအလှအပများကို ရှုမြင်ခံစားလျက်ရှိသည်။

အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) အတွင်းတွင် ပြည်တွင်းသစ်ခွမျိုးများ၊ ပြည်ပ စပ်မျိုးသစ်ခွများ၊ ရှားပါးပြီး မျိုးသုဉ်းနိုင်သော အပင်မျိုးများကို စိုက်ပျိုးထိန်းသိမ်းလျက်ရှိသည့်အပြင် ရေပျော်ငှက်များကိုလည်း သဘာဝအတိုင်း မွေးမြူထားသည်။ ပန်းမြို့တော် တောင်စခန်းမြို့မှ အမျိုးသားကန်တော်ကြီးဥယျာဉ်သည် စိမ်းလန်းသာယာ ရောင်စုံပန်းခင်းကြီးများ ရှုမျှော်မဆုံး တည်ရှိနေသည်ဖြစ်ရာ ပြည်သူများ အပန်းလည်းဖြေ၊ ဗဟုသုတ ရှာမှီးနိုင်သည့်အပြင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ ။

## ခြင်းရုံပေါင်းစုံနှင့် ကလပ်အသင်းပေါင်းစုံခြင်းလုံးခတ်ပြိုင်ပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီနှင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၈ခုနှစ် (၅)ကြိမ်မြောက် ခြင်းရုံပေါင်းစုံနှင့် ကလပ်အသင်းပေါင်းစုံ ခြင်းလုံးခတ်ပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက် မွန်းတည့်၁၂ နာရီတွင် ရန်ကုန်မြို့အောင်ဆန်းကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီမှ ဦးစိုးနိုင်က မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်သို့ ငွေကျပ် ဆယ်သိန်းလှူဒါန်းရာ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသက်လွင်က လက်ခံရယူသည်။ **(အောက်ပုံ)** ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး ပြိုင်ပွဲ များကို ဆက်လက်ကျင်းပသည်။

ထိုပြိုင်ပွဲများကို ဒီဇင်ဘာ ၁၇ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မွန်းတည့် ၁၂ နာရီမှ စတင်မည်ဖြစ်သည်။ (အား/ကာ)



## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ပညာပါရမီရောဝတီ ပညာရေးငွေပဒေသာပင် မတည်ငွေ ပေးအပ်ပွဲအခမ်းအနားနှင့် အထွေထွေအရပ်ရပ် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရောဝတီတိုင်းပညာပါရမီရောဝတီ ထာဝရပညာရေး ငွေပဒေသာပင် မတည်ငွေပေးအပ်ပွဲနှင့် အထွေထွေ အရပ်ရပ်ဆိုင်ရာ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ၈ရက် မွန်းလွဲပိုင်းတွင်ပုသိမ်မြို့ ကမ်းနားလမ်းရှိ မြို့တော်ခန်းမ၌ ကျင်းပရာအခမ်းအနားသို့ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေ က တက်ရောက် အမှာစကား ပြောကြားပြီး ပညာပါရမီရောဝတီ ထာဝရပညာရေး ငွေပဒေသာပင် မတည်ငွေကျပ်သိန်း ၂၀၀၀ ကို ပညာသင်ဆု ကြီးကြပ်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ် ကျော်ဆွေက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဆုများနှင့် ၂၀၀၇-၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတွင် တစ်နိုင်ငံလုံးအဆင့်(၁)မှ (၁၀)အထိ ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ပြီး ပညာပါရမီ ရောဝတီ ပညာသင်ဆုအတွက်အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ပညာပါရမီရောဝတီ ထာဝရပညာရေးငွေပဒေသာပင် မတည်ငွေကျပ်သိန်း ၂၀၀၀ ကို ပညာသင်ဆု ကြီးကြပ်ရေးကော်မတီသို့ လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးကျော်သူ ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၁၄

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဘာလီကျွန်း၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၃ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။**

အဆိုပါ ဖိုရမ်သို့ အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတ ဒေါက်တာဆူစီလို ဘန်ဘန်းယူဒိုယိုနို၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင် ဟာဆန်နာလ်ဘိုလ်ကီးယား၊ သြစတြေးလျနိုင်ငံ ဝန်ကြီးချုပ်ကီဗင်ရုဒ်၊ တီမောလက်စ်တေနိုင်ငံ ဝန်ကြီးချုပ် ဇာနာနာဂုဇ်မာယို၊ အင်ဒိုနီးရှား သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဟာဆန်ဝီရာယူဒါ အပါအဝင် နိုင်ငံပေါင်း ၃၂ နိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ယင်းဖိုရမ်တွင် အာရှဒေသတွင်း၌ ဒီမိုကရေစီစနစ် အကောင်အထည်ဖော်ရေးဆိုင်ရာ မဟာဗျူဟာများကို ဆွေးနွေးအမြင်ခြင်း ဖလှယ်ခဲ့ကြကြောင်း သိရှိရသည်။

ဘာလီဒီမိုကရေစီဖိုရမ် တက်ရောက်ခဲ့ပြီးနောက် ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၂ ရက်တွင် ဂျကာတာမြို့သို့




**နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘာလီကျွန်း၌ ကျင်းပသည့် ဘာလီဒီမိုကရေစီဖိုရမ်သို့ တက်ရောက်စဉ်။** (သတင်းစဉ်)

လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဂျကာတာအပြည်ပြည်ဆိုင်ရာလေဆိပ်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးဉာဏ်လင်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဂျကာတာမြို့သို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီး ဦးကျော်သူသည် အာဆီယံအတွင်းရေးမှူးချုပ်ဒေါက်တာ ဆူရင်ပစ်ဆူဝမ်အား သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ကျရောက်ခဲ့သော နာဂစ်မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးနှင့် အနာဂတ် သဘာဝဘေးကြိုတင်ကာကွယ်ရေး အကောင်အထည်ဖော် စီမံဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကာ ဒေါက်တာ ဆူရင်ပစ်ဆူဝမ်က တည်ခင်းဧည့်ခံသော အလုပ်သဘောနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မော်လမြိုင် အမက(၇) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မော်လမြိုင် အမက(၇) ယခင်အထက(၁၀) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် အလက(၇) ရွှေမြိုင်ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အပူဇော်ခံ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် အငြိမ်းစားဆရာ၊ ဆရာမများ တက်ရောက်ပါရန် ဖိတ်ကြားထားသည်။

အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဒေါ်ပေါ်လီ ဖုန်း-၀၉ ၅၂၀၁၄၈၁၊ ဒေါ်ခင်စန်း ဖုန်း-၀၅၇-၂၄၃၀၃၊ ဒေါ်ခင်စန်းကြည် ဖုန်း-၀၁-၆၆၄၂၆၈၊ ဒေါ်သန္တာအေး ဖုန်း-၀၅၇-၂၁၃၉၆၊မောင်သီဟထွန်း ဖုန်း-၀၅၇-၂၇၂၇၄နှင့် မောင်မျိုးဝင်း (ဆင်နှစ်ကောင်ဆေးဆိုင်)A-11 မြိုင်ရတနာဈေးတို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)



(15-12)02.pmd 1 12/15/2008, 3:09 AM

# မျိုးဆက်သစ်လူငယ်များအား ပညာပြည့်ဝနလုံးလှသည့် နိုင်ငံ့သားကောင်း လူရည်မွန်များအဖြစ် အရေအတွက်ရော၊ အရည်အချင်းအရပါ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းစွမ်းဆောင်

နေပြည်တော် ဒီဇင်ဘာ ၁၄

**အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၃၃)သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။**



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း သင်တန်းသား စံပြဆုရ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာ ဦးအောင်စိုးဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

အဆိုပါ သင်တန်းဆင်းပွဲ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ဌာနကြီးမှူးများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာ၌ ယခုတက်ရောက်ခဲ့ကြသည့်သင်တန်းတွင် အမျိုးသားရေး ယုံကြည်ချက်၊ ခံယူချက်သဘောထားများ ပိုမိုခိုင်မာမြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်က ဖော်ဆောင်လျက်ရှိသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများ အောင်မြင်ရေးအတွက် ပိုမိုစွမ်းဆောင်နိုင်မှု အကျိုးရလဒ်များ မလွဲဧကန် ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း။

ပညာရေးကို မဏ္ဍိုင်ပြုပြီး နိုင်ငံတော်သစ်ကို တည်ဆောက်လျက်ရှိသည့် မျက်မှောက်ကာလတွင် အခြေခံပညာဆရာ၊ ဆရာမများ၏ အရည်အသွေးထက်မြက်မြင့်မားမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ရေရှည်ထိန်းသိမ်းသွားမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းနေစေရေးအတွက် အဓိကအထောက်အကူ ပြုလျက်ရှိကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် အမျိုးသားရေးလိုအပ်ချက်များအရနိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေရချိန်တွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ အမွေခံပတ်ဝန်းကျင်ကောင်းများကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်း လွှဲပြောင်းနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ပြည်နယ်နှင့်တိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျော့နည်းနိုင်သမျှ လျော့နည်းစေရန် ကားလမ်း၊ ရထားလမ်း၊ တံတားစသည့် အခြေခံအဆောက်အအုံများကို ကွန်ရက်ပမာ လက်ယှက်ထိုးတည်ဆောက်ပေးခဲ့ပြီး ဒေသတိုင်းတွင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအခွင့်အလမ်းများ၊ ပတ်ဝန်းကျင်ကောင်းများ ကွာဟမှုအနည်းဆုံးနှင့် မျှတစွာပေါ်ထွန်းလာစေရေး ကြိုးပမ်းဖော်ဆောင်ပေးခဲ့ကြောင်း၊ ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ရေးအတွက် အခြေခံပညာကျောင်းများမှ တက္ကသိုလ်အဆင့်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် တိုးချဲ့တည်ဆောက်ခြင်း၊ ခေတ်မီသင်ထောက်ကူ ပစ္စည်းများနှင့် စာသင်ခန်းများ ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း။

ယခုကဲ့သို့ ဆရာ၊ ဆရာမများ တာဝန်ယူ ပြုစုပျိုးထောင်ပေးနေသည့် တပည့်ကျောင်းသား၊ ကျောင်းသူများသည် အနာဂတ်ကာလ နိုင်ငံတော်၏ မျက်နှာစာအသီးသီးတွင် လက်ဆင့်ကမ်း သမိုင်းပေးတာဝန်များကို ထမ်းရွက်သွားကြမည့် မျိုးဆက်သစ်များဖြစ်ကြောင်း၊ အမျိုးသားပညာရည်မြင့်မားရေး နှစ်(၃၀)နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ်များအနက် အခြေခံပညာကဏ္ဍတွင် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူမှုပြီးမြောက်ရေးအတွက် ကျောင်းနေရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းနေသည့် ကလေးတိုင်း ကျောင်းနေမြဲရေး၊ အခြေခံပညာအဆင့်အလိုက် ကူးပြောင်းသင်ယူနှုန်း မြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများ၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

ဆရာ ဆရာမများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေး အခြေခံပညာကဏ္ဍလုပ်ငန်းစဉ်များအပေါ် အခြေပြုပြီး ဒေသအကျိုး၊ ရပ်ရွာအကျိုး သယ်ပိုးခြင်းဖြင့် တပည့်ကျောင်းသား၊ ကျောင်းသူများအား စာသင်ခန်းအတွင်းတွင် ထူးချွန်ထက်မြက်ရုံသာမက ကျောင်းတွင်း၊ ကျောင်းပြင်၌ အများအကျိုး၊ ရပ်ရွာအကျိုး သယ်ပိုးထမ်းရွက်သည့် လူငယ်လူရွယ်များအဖြစ် စံနမူနာပြ ပြုစုပျိုးထောင်ကြရမည်ဖြစ်ကြောင်း။

မျက်မှောက်ကာလ(၂၁)ရာစု၌ လူမှုစီးပွားဆိုင်ရာ စိန်ခေါ်မှုအမျိုးမျိုး စဉ်ဆက်မပြတ် ပေါ်ပေါက်နေချိန်တွင် ဆရာ၊ဆရာမများအနေဖြင့် ပြောင်းလဲနေသည့် ပညာရေးသဘောတရားများ၊ စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု ပညာရပ်များ၊ သတင်းဆက်သွယ်မှုနည်းပညာ၊ နိုင်ငံတကာသုံး ဘာသာစကားများကိုလည်း ထိတွေ့ကျွမ်းကျင်နေစေရေးအတွက် အစဉ်အမြဲလေ့လာဆည်းပူးနေကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မျိုးဆက်သစ်လူငယ်များအား (၂၁)ရာစု စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိသည့် အမျိုးသား အင်အားစုများအဖြစ် ပြုစုပျိုးထောင်နိုင်မည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍ၏ သိမ်မွေ့နက်နဲပြီး ကျယ်ပြန့်လှသည့် လုပ်ငန်းတာဝန်များ အပ်နှင်းခြင်းခံရသော ဆရာ၊ ဆရာမများ အားလုံးအနေဖြင့် ဝါသနာနှင့် စေတနာကို အရင်းခံပြီး မိမိတို့၏ဘဝကို ပေးဆပ်အနစ်နာခံမှု၊ ဇွဲလုံ့လ၊ ဝီရိယနှင့် စွမ်းရည်များအပြည့်အဝ စိုက်ထုတ်အကောင်အထည်ဖော်မှုများသည် သာမန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းထက် ကျော်လွန်ပြီး လူ့အဖွဲ့အစည်း၏ သားကောင်းသမီးမွန် ရတနာများအဖြစ် ဂုဏ်ပြုခံထိုက်သူများဖြစ်ကြောင်း။

မျိုးဆက်သစ်လူငယ်များအား ပညာပြည့်ဝနလုံးလှသည့် နိုင်ငံ့သားကောင်း လူရည်မွန်များအဖြစ် အရေအတွက်ရော၊ အရည်အချင်းအရပါ တိုးတက်မြင့်မားလာစေရန် ကြိုးပမ်းစွမ်းဆောင်သွားကြရေး၊ အခြေခံပညာကဏ္ဍလုပ်ငန်းစဉ်များအပေါ် အခြေပြုပြီး ဒေသအကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးခြင်းဖြင့် စံနမူနာပြ ပညာရေး ဝန်ထမ်းကောင်းများအဖြစ် ရပ်တည်အားထုတ်သွားကြရေး၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သော ပြည်ထောင်စုစိတ်ဓာတ်များ လူငယ်လူရွယ်များအတွင်း ပြန့်ပွားခိုင်မြဲစေရေး အစဉ်အမြဲကြိုးပမ်းသွားကြရေးတို့ကို မှာကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းသား စံပြဆုရ မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်းမှ မူလတန်းပြဆရာ ကသအမှတ်-အက်(ဖ်)-(၁၁၀)ဆရာဦးအောင်စိုးဦး၊ သင်တန်းသူစံပြဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် တောင်ဘီလယ်ယားကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ်-အေ-(၈၅)ဒေါ်နန်းမေသဇင်ထွန်း၊ သင်တန်းသား ဇွဲလုံ့လဆုရ စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် မူးကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အလယ်တန်းပြဆရာ ကသအမှတ် အက်(ဖ်)(၁၀၃) ဦးစိုးတင့်၊ သင်တန်းသူ ဇွဲလုံ့လဆုရ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ်-အေ-(၆၈)ဒေါ်သန်းယဉ်နှင့် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ်(၃၁)အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ကသအမှတ်-အေ-(၇၈)ဒေါ်ခင်မာကျော်၊ စံပြအဆောင်ဆုရ အမျိုးသား အမှတ်(၁)တပ်ခွဲအဆောင်(၂)နှင့် အမျိုးသမီး အမှတ်(၂)တပ်ခွဲ အဆောင်(၇) တို့မှ သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်များအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ အထက်မြန်မာပြည်ရှိ အခြေခံပညာကျောင်းများမှ သင်တန်းသား ဆရာ ၂၂၃ဦး၊ သင်တန်းသူဆရာမ ၁၀၈၂ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၁၃၀၅ဦးတို့တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၉)ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၄၉)၌ ဈေးသည်များအတွက် ငွေကျပ်သိန်းနှစ်ထောင် ရန်ကုန်မြို့တော်စည်ပင်က ထုတ်ချေးပေးမည်၊ ဂျီအက်စ်အမ်ကြိုတင်ငွေပေးဖုန်းကတ်များ ဟန်းဆက်နှင့်တွဲကာ ရန်ကုန်တွင် စတင်ရောင်းချပေးနေ၊ အောက်ကားအချို့ ဈေးပြန်လှုပ်လာသော်လည်း လက်ကျန်လေလံပွဲများကြောင့် လာမည့်နှစ်တွင်လည်း ကားဈေးများ ဆက်လက်ကျဆင်းနိုင်၊ ရွှေဈေးပြန်တက်သော်လည်း ဈေးကွက်အေးနေ၊ မောင်တောတွင် ရေထွက်ကုန် ရောင်းသူဈေးကွက် ဖော်ဆောင်ရန် ငွေကျပ်သိန်းငါးထောင်ဖြင့် စတင်အကောင်အထည်ဖော်၊ အိပ်ဆေးခတ်ခံရပြီး ပစ္စည်းလုခံရသူများ ရဲစခန်းသို့ဆက်သွယ်စုံစမ်းနိုင်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရေးနှင့် ကျန်းမာရေးအထူးခံစားခွင့် ဝန်ထမ်းများအတွက်ဆောင်ရွက်ပေးသင့်၊ တက္ကသိုလ်ပညာသင်ကြားရေး အခက်အခဲရှိသူများအတွက် ထွန်းဖောင်ဒေးရှင်း ဘဏ်ကပညာသင်စရိတ်ထောက်ပံ့ စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ ဦးသန့်ကိုယ်တိုင်ရေးသားခဲ့သည့် View From the UN စာအုပ်မှ The Search For A Secretary General အပိုင်းကို ကောက်နုတ်ပြန်ဆိုထားသည့် 'ကုလသမဂ္ဂအတွင်းရေးမှူးရှာပုံတော်' သမိုင်းမော်ကွန်းသုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘာရက်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်)ဘာသာပြန်ဆိုထားသော'အဖေ့ဆီက အိပ်မက်များ'၊ 'အီရတ်စစ်ပွဲအတွက် အဆင်သင့်မဖြစ်ခဲ့ဘူး' အမေရိကန်သမ္မတ ဂျော့ချ်ဒဗလျူဘုရှ်နှင့် ABC News တို့တွေ့ဆုံမေးမြန်းခြင်း၊ နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ ခရစ္စမတ်ကာလတွင် ဂျပန်အမျိုးသားတို့က အမျိုးသမီးများထက်ပို၍ ချစ်သူအဖော်မွန်ရှာဖွေ၊ မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုတွင် လေးကြိမ်တိုင်တိုင် အပစ်ခတ်ခံခဲ့ရသော ဗြိတိန်သားတစ်ဦး အသက်ဘေးမှလွတ်မြောက်၊ ဂျာမနီစစ်သားတို့ အသောက်လွန်၍ အဝလွန်နေ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်ကြောင်းသိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၁၂-၂၀၀၈ (တနင်္လာနေ့)

| AM & PM | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "မြင်းမိုရ်နှလုံးသား" တရားတော် (ဆရာတော်အရှင်ပညာသီဟာဘိဝံသ) |
| ၇း၄၅ - ၁း၄၅ | နဝမအကြိမ်မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ (အပိုင်း-၂) |
| ၈း၁၅ - ၂း၁၅ | Art Vision (Myanmar Dance & Beauty Art Exhibition) |
| ၈း၃၅ - ၂း၃၅ | ပင်လယ်ရေထွက်လုပ်ငန်းဖြင့်ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ် |
| ၈း၄၅ - ၂း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ - ၂း၅၀ | ဆန်းသစ်အလှတိုးရွှေချည်ထိုး |
| ၉း၁၀ - ၃း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၀ - ၃း၂၀ | Eternal Festival (အပိုင်း-၂) |
| ၉း၅၅ - ၃း၅၅ | သူတို့ပြောတဲ့သူတို့အကြောင်း (သရုပ်ဆောင်ကျော်ထူးနှင့်တွေ့ဆုံခြင်း) |
| ၁၀း၂၅ - ၄း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၃၀ - ၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ - ၄း၃၅ | ကိုမောင်မြင့်တို့ပျော်နေပုံများ |
| ၁၀း၄၅ - ၄း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ - ၄း၅၅ | နေထိုင်မှုဝင့်ကြွားအဆင့်မြင့်အိမ်ရာစီမံကိန်းများ |
| ၁၁း၁၅ - ၅း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ - ၅း၃၀ | ရခိုင်ရိုးရာဝတ်စားဆင်ယင်မှု |
| ၁၁း၄၀ - ၅း၄၀ | တိုင်းရင်းသားအက |
| ၁၁း၄၅ - ၅း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၀ - ၅း၅၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "၉၉.၉" |
| ၁၂း၂၀ - ၆း၂၀ | စားချင်စဖွယ်နည်းအသွယ်သွယ် (ဂျပန်ရေညှိထမင်းလိပ်နှင့်ငါးစိမ်းထမင်းဆုပ် ပြုလုပ်နည်း) |
| ၁၂း၄၅ - ၆း၄၅ | Activities In The City (သင်သိသင့်သောကင်ဆာရောဂါနှင့် ကြိုတင်တားဆီးကာကွယ်ရေး) |
| ၁း၀၀ -၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

The7th Myanmar ICTWeek 2008 Exhibition

| ညပိုင်း | အစီအစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈း၀၀ | The 7th Myanmar ICT Week 2008Exhibition ပြပွဲအစီအစဉ်များ | MRTV-4 |

အတည်ပြုချိန် - ၀၃း၀၀

(15-12)03.pmd 1 12/15/2008, 3:09 AM

# အီရတ်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် သေနတ်ဒဏ်ရာဖြင့်သေဆုံး

**လန်ဒန် ဒီဇင်ဘာ ၁၄**

အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် သံချပ်ကာတပ်ဖွဲ့၌တာဝန်ထမ်းဆောင်နေသော ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသည် သေနတ်ဒဏ်ရာဖြင့် သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

အဆိုပါ တပ်ဖွဲ့ဝင်သည် အမှတ်-၂၀ သံချပ်ကာတပ်မဟာတွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ကြာသပတေးနေ့က ၎င်းသေဆုံးမှုတွင် ရန်သူ့တပ်ဖွဲ့ပါဝင်ခြင်း မရှိကြောင်း၊ ၎င်းအပြင် တတိယအဖွဲ့အစည်းလည်း ပါဝင်သည်ဟု သက်သေအထောက်အထား မတွေ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

**စုံစမ်းစစ်ဆေးလျက်ရှိ**

တော်ဝင်စစ်ဘက်ဆိုင်ရာ ရဲတပ်ဖွဲ့ အထူးစုံစမ်းစစ်ဆေးရေးတပ်ဖွဲ့က ထိုသေဆုံးမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ ၂၀၀၃ ခုနှစ် မတ်လမှစတင် ရေတွက်လျှင် အီရတ်နိုင်ငံတွင် ဗြိတိသျှလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ သေဆုံးမှုအရေအတွက်သည် ၎င်းသေဆုံးမှု အပါအဝင် ၁၇၈ ဦးအထိ ရှိသွားပြီး ယင်းအနက်မှ ၁၃၆ ဦးမှာ ရန်သူတိုက်ခိုက်မှုကြောင့် သေဆုံးခြင်း ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အနောက်ဘက်ဒေသတွင် ကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် မီးလောင်ပျက်စီးနေသော ယာဉ်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အာဖဂန်တွင် ကနေဒါတပ်စွဲချိန် တိုးမြှင့်မည့် အစီအစဉ် ငြင်းဆို

**အော့တဝါ ဒီဇင်ဘာ ၁၄**

ကနေဒါတပ်ဖွဲ့ဝင်များ အနေဖြင့် အာဖဂန်နစ္စတန်တွင် နောက်ဆုံးသတ်မှတ်ထားသည့် ၂၀၁၁ခုနှစ်ထက် ကျော်လွန်ကာ တပ်စွဲမည်ဟု အမေရိကန်တို့က အရိပ်အမြွက် ထုတ်ဖော်ပြောကြားခြင်းအပေါ် ကနေဒါ ကာကွယ်ရေးဝန်ကြီး ပီတာမက်ကေးက ဒီဇင်ဘာ ၁၁ ရက်ကငြင်းဆိုလိုက်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဒီဇင်ဘာ ၁၁ရက်နေ့အစောပိုင်းက အမေရိကန်ကာကွယ်ရေးအဖွဲ့ အတွင်းရေးမှူး ရောဘတ်ဂိတ်စ်က အာဖဂန်သို့အလည်အပတ်ရောက်ရှိကာသတင်းထောက်များနှင့်တွေ့ဆုံမေးမြန်းချိန်တွင် ကနေဒါတပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်တွင်အချိန်ကြာကြာ တပ်စွဲထားမည်ဟု ၎င်းအနေဖြင့် ထင်မြင်ယူဆကြောင်း ပြောကြားခဲ့သည်။

အဆိုပါပြောကြားချက်ကို မက်ကေးက ဖြေရှင်းရာတွင် ဝန်ကြီးနှင့်အစိုးရအဖွဲ့တို့အနေဖြင့် ပါလီမန်က ဆုံးဖြတ်ထားပြီးဖြစ်သော ၂၀၁၁ ခုနှစ်တွင် တပ်ဖွဲ့များအား ရုပ်သိမ်းစေမည့် အစီအစဉ်အား တိကျစွာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ထည့်သွင်းပြောကြားသည်။

ကနေဒါနိုင်ငံ ပါလီမန်သည် အာဖဂန်တွင် တပ်ဖွဲ့များ ချထားခြင်းကို ၂၀၀၉ခုနှစ် နောက်ဆုံးသတ်မှတ်ထားရာမှ ၂၀၁၁ ခုနှစ်သို့ တိုးမြှင့်ရန် ၂၀၀၇ ခုနှစ်အတွင်းက ဆုံးဖြတ်ခဲ့သည်။ ကနေဒါတပ်ဖွဲ့ဝင်များအား ယင်းနှစ်တွင်ပင် ရုပ်သိမ်းရန်အတွက် ဝန်ကြီးချုပ် စတီဗင်ဟာပါကလည်း ရွေးကောက်ပွဲကျင်းပစဉ်က ထည့်သွင်း ကတိပြုခဲ့သည်။ ***အင်တာနက်။***

# အာဖဂန်နစ္စတန်တွင် ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦးသေဆုံး

**လန်ဒန် ဒီဇင်ဘာ ၁၄**

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် သောကြာနေ့က တာလီဘန်သူပုန်များနှင့် သီးခြားစီဖြစ်ပွားသောတိုက်ပွဲနှစ်ပွဲတွင် ဗြိတိသျှတပ်ဖွဲ့ဝင်လေးဦး သေဆုံးကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ယခုသေဆုံးသော တပ်ဖွဲ့ဝင်လေးဦး ထည့်သွင်းရေတွက်လျှင် ၂၀၀၁ ခုနှစ်နှောင်းပိုင်းမှစတင်၍အာဖဂန်နစ္စတန်တွင် သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဝင်အရေအတွက်သည် ၁၃၀ ကျော်လွန်သွားပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။ အာဖဂန်နစ္စတန်တွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၈၃၀၀ ရှိပြီး ဟဲလ်မန့်ပြည်နယ်တွင် အများစုတပ်စွဲထားသည်။

***အမ်အင်အေ၊ရိုက်တာ။***






အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် ကီလိုမီတာ ၅၀ အကွာရှိ ဖာလူဂျာမြို့တွင် ဗုံးဖြင့်တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသည့် အဆောက်အအုံကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# အီရတ်ရှိ ပီကေကေသူပုန်များအား တူရကီအစိုးရထိုးစစ်ဆင်

**အန်ကာရာ ဒီဇင်ဘာ ၁၄**

တူရကီနိုင်ငံရေးပါတီများနှင့် တူရကီနိုင်ငံသားများ၏ ပြင်းထန်သော ဝေဖန်ပြစ်တင်မှုများ အဆက်မပြတ် ပေါ်ပေါက်နေချိန်တွင် တူရကီအစိုးရနှင့် တူရကီစစ်ဘက်တို့သည် မတရားအသင်းကြေညာထားသော ပီကေကေသူပုန်များ၏ ခြေကုပ်စခန်းရှိရာ အီရတ်မြောက်ပိုင်းသို့ စစ်ဆင်ရေးတိုးမြှင့်လျက်ရှိသည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

အီရတ်မြောက်ပိုင်းတွင် ပီကေကေပြောက်ကျားများသည် မြင့်မားထူထပ်သော တောင်တန်းများကို အကာအကွယ်ယူကာ တူရကီနိုင်ငံကို ခွဲခြားကာစိုးမိုးနေရာယူထားကြသည်။

အောက်တိုဘာ ၃ ရက်က ပီကေကေသူပုန်များ၏ တိုက်ခိုက်မှုကြောင့် တူရကီတပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရသည်။ အဆိုပါ အခြေအနေကို ဆက်လက်တောင့်ခံကာ ပီကေကေသူပုန်များကို သုတ်သင်ရှင်းလင်းမှုများ အရှိန်အဟုန်မြှင့်တင်မည်ဟု တူရကီဝန်ကြီးချုပ် ရာစစ်တာရစ်အက်ဒိုဂင်နှင့် စစ်ဘက်က ကတိပြုခဲ့သည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ယာဉ်များနှင့် ဖြစ်ပွားရာနေရာအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



## နိုင်ငံတကာ သတင်းမှတ်စု

### စပိန်ဘဏ်ဝန်ထမ်း ၁၉၀၀ လျှော့မည်

ဗြိတိန်နိုင်ငံ၌ ဖွင့်ထားသော စပိန်ဘဏ် စန်တန်ဒါးက လာမည့်နှစ်တွင် ဝန်ထမ်းအရေအတွက် ၁၉၀၀ကို လျှော့ချသွားမည် ဖြစ်ကြောင်း သောကြာနေ့က ပြောကြားသည်။

၂၀၁၂ခုနှစ်ခန့်တွင် နှစ်စဉ်ကုန်ကျစရိတ် ပေါင်သန်း ၁၈၀(အမေရိကန်ဒေါ်လာ ၂၆၈ သန်း) သက်သာစေရန် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဝန်ထမ်းများလျှော့ချခြင်းဖြစ်သည်။

### အမေရိကန်လေယာဉ် နီကာရာဂွာတွင် အရေးပေါ်ဆင်း

အမေရိကန်ပြည်ထောင်စု ကွန်တီနင်တယ်လ် လေကြောင်းလိုင်းမှ ခရီးသည် ၁၅၀တင်ဆောင်လာသော လေယာဉ်တစ်စင်းသည် သောကြာနေ့က စက်ချွတ်ယွင်းသဖြင့် နီကာရာဂွာမြို့တော် လေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း ဆင်ဟွာသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

နီကာရာဂွာရေဒီယိုက အဆိုပါလေယာဉ်သည် လေယာဉ်ကွင်းပေါ်တွင် လောင်စာဆီကုန်ရန်အတွက် နာရီပေါင်းများစွာ ပျံဝဲနေခဲ့ရကြောင်း ကြေညာခဲ့သည်။

### တူရကီတွင် တရားမဝင်နေထိုင်သူ ၅၀၀၈၀ ဖမ်းဆီး

တူရကီနိုင်ငံတွင် ၂၀၀၈ ခုနှစ် ပထမကိုးလအတွင်း တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၅၀၀၈၀ ဦးအား ထိန်းသိမ်းခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများကို အခြေခံ၍ ဒေသဆိုင်ရာသတင်းစာ 'တူဒေးစ်ဇမန်'က ဖော်ပြသည်။

၂၀၀၇ခုနှစ်က တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၄၇၉၅၈ ဦး အထိ ရောက်ရှိပြီး လူမှောင်ခိုသူ ၉၄၂ ဦးအား ထောင်ချခဲ့ကြောင်း ၎င်းသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

### ဖိလစ်ပိုင်တွင် ဗုံးခွဲရန် ကြံစည်သူဖမ်းမိ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းတွင် အကြမ်းဖက်တိုက်ခိုက်ရန် ကြံရွယ်သော ဗုံးပြုလုပ်သူဟု သံသယရှိသူတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့များက ဖမ်းမိကြောင်း အမျိုးသားရဲတပ်ဖွဲ့ အကြီးအကဲက သောကြာနေ့တွင် ပြောကြားသည်။

အကြမ်းဖက်သမားဂူအာမာလိုဒင်အက်စ်ရာဖီးလ်အား ပုန်းအောင်းရာနေရာ၌ အင်္ဂါနေ့တွင် လက်ရဖမ်းမိကြောင်း၊ ၎င်းသည် မင်ဒါနာအိုကျွန်းပေါ်ရှိ ကြည်းတပ်စခန်းကို တိုက်ခိုက်ရန် ပြင်ဆင်လျက်ရှိသည်ဟု ရဲတပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဂျီစပ်ဗာဇိုဆာက ပြောကြားသည်။

### ဘူလ်ဂေးရီးယားတွင် ဘိန်းဖြူ ၁၄ ကီလိုဖမ်းမိ

ဆားဘီးယားနယ်စပ်ရှိ ကာလိုတီနာစစ်ဆေးရေးစခန်းတွင် တူရကီနိုင်ငံ၌ မှတ်ပုံတင်ထားပြီး အနောက်ဥရောပသို့ ထွက်ခွာမည့် ကားတစ်စီးအား ကြာသပတေးနေ့ ညနေပိုင်းက ရှာဖွေရာ ဘိန်းဖြူ ၁၄ ကီလိုဂရမ်ကို ရှာဖွေသိမ်းဆည်းရမိကြောင်း ဘူလ်ဂေးရီးယား အကောက်ခွန်ဌာနက သောကြာနေ့တွင် ပြောကြားသည်။

ဘိန်းဖြူများကို အထုပ် ၂၁ ထုပ်ဖြင့် ထုပ်ပိုးထားပြီး မှောင်ခိုဈေးကွက်တွင် လီဗာငွေ ၁ ဒသမ ၂ သန်း (အမေရိကန်ဒေါ်လာ ၈၀၀၀၀၀ တန်ဖိုး) တန်ဖိုးရှိသည်ဟု ဆိုသည်။

### ကမ္ဘောဒီးယားတွင် ကြက်ငှက်တုပ်ကွေးဖြစ်သူ တွေ့ရှိ

ကမ္ဘောဒီးယားနိုင်ငံတွင် ၁၉ နှစ်အရွယ် အမျိုးသား တစ်ဦးအား ၂၀၀၅ ခုနှစ်မှစ၍ ငှက်တုပ်ကွေးရောဂါဖြစ်သူ ရှစ်ဦးမြောက်အဖြစ် အတည်ပြုကြောင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က သောကြာနေ့တွင် ပြောကြားသည်။

လူနာသည် ဖနွမ်းပင်မြို့အနီးကန်ဒေါလ်ပြည်နယ်မှဖြစ်ပြီးဖနွမ်းပင်မြို့ ကားလ်မက်ဆေးရုံတွင် ကုသမှုခံယူလျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ်တွင် လူသားတစ်ဦးအား ပထမဆုံးအကြိမ် ကြက်ငှက်တုပ်ကွေးကူးစက်ခြင်း ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အိုက ပြောကြားသည်။

**စုစည်းဘာသာပြန်ဆိုသူ - သန်းလွင်**

အတည်ပြုချိန်-၁း၀၀

## ကမ္ဘောဒီးယား လယ်သမားများအား အစိုးရက စျေးကွက်အခြေအနေ စာရင်းဇယားများ ဖြန့်ဖြူးပေးရန် စီစဉ်နေ

**ဖနွမ်းပင် ဒီဇင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံမှ လယ်သမားများအနေဖြင့် လတ်တလောစျေးကွက်ပြောင်းလဲမှု သတင်းအချက်အလက်များကို မကြာမီတွင် သိရှိနိုင်တော့မည်ဖြစ်သည်ဟု နိုင်ငံဆိုင်ရာ သတင်းဌာနက ဒီဇင်ဘာ ၄ ရက်တွင် ထုတ်လွှင့်သည်။

နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အားပေးအားမြှောက်ပြုသည့်အနေဖြင့် အစိုးရက ယင်းကိစ္စရပ်အပေါ် အစီအစဉ်သစ်တစ်ခု ရေးဆွဲရန် စီစဉ်လျက်ရှိသည်ဟုဆိုသည်။

သီးနှံများ အထွက်နှုန်းတိုးတက်ကာ နိုင်ငံ၏ စျေးကွက်ကို ပိုမိုချဲ့ထွင်နိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ရလဒ်ကောင်းများကို မိမိတို့အနေဖြင့် မျှော်လင့်ထားကြောင်းနှင့် လယ်သမားများအပေါ် ကူညီစောင့်ရှောက်မှုပေးသွားမည် ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ချန်စီရင်က ပြောကြားသည်။

စိုက်ပျိုးရေးနှင့် သက်ဆိုင်သော ကုန်ပစ္စည်းစျေးနှုန်းများ အပါအဝင် အခြားစျေးကွက်အခြေအနေ စာရင်းဇယားများကို နိုင်ငံအတွင်းရှိ ကျေးလက်တောရွာတိုင်းသို့ ဖြန့်ဝေပေးသွားမည့် လယ်ယာလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် ဝန်ဆောင်မှုလုပ်ငန်းကို အကောင်အထည်ဖော်ရန်အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်ဟု ဆိုသည်။ အဆိုပါ အစီအစဉ်ကို လာမည့်နှစ်တွင် စတင်မည်ဟု ယူဆရသည်။ ယင်းသည် လယ်သမားများအနေဖြင့် သီးနှံများအပေါ် စျေးကြီးပေးဝယ်၍ ရင်းနှီးမိခြင်းမှ ကာကွယ်ပေးမည်ဖြစ်ကာ စျေးကွက်ကျဆင်းသည့် အခြေအနေကို အစဉ်သိရှိစေနိုင်မည့် လုပ်ဆောင်ချက်တစ်ခုပင်ဖြစ်သည်ဟု ကျွမ်းကျင်သူများက သုံးသပ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**တရုတ်နိုင်ငံ ချယ်ရီကားကုမ္ပဏီနှင့် ပူးပေါင်းကာ ကားထုတ်လုပ်မည့် အမေရိကန် ခရိုက်စလာ ကားကုမ္ပဏီ၏ စက်ရုံလုပ်ငန်းခွင် တစ်နေရာကို ဒီဇင်ဘာ ၁၁ရက်ကတွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## သဘာဝဘေးအန္တရာယ်သတင်း

## အမေရိကန် မစ္စစ္စပီတောင်ပိုင်းဒေသတွင် မုန်တိုင်းတိုက် အိမ်ခြေ ဒါဇင်များစွာပျက်စီး

**ဂျက်ဆင် ဒီဇင်ဘာ ၁၄**

အမေရိကန်နိုင်ငံတောင်ပိုင်း မစ္စစ္စပီဒေသတွင် အချိန်အခါမဟုတ် ရာသီဥတု ပူနွေးလာပြီးနောက် မိုးသည်းထန်စွာရွာသွန်းကာ တော်နေးဒိုးမုန်တိုင်း ကျရောက်သွားသဖြင့် ကျောင်းနှစ်ကျောင်းနှင့်အိမ်ခြေ ဒါဇင်များစွာ ပြိုပျက်သွားကြောင်း ဒီဇင်ဘာ ၁၀ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

တော်နေးဒိုးမုန်တိုင်းကြောင့် သစ်ပင်ကျိုးကျသည့်အတွက် အဝေးပြေးလမ်းမ အမှတ်-၅၉ ပေါ်တွင် အနည်းဆုံးလူတစ်ဦး ဒဏ်ရာရရှိသွားသည်ဟု အာဏာပိုင်များက ပြောကြားသည်။ စီးပွားရေးလုပ်ငန်း သုံးခုအပါအဝင် အိမ်နှင့်ရွှေ့ပြောင်းအိမ်ရာ ၃၉ လုံးကျော်လည်း ပျက်စီးသွားကြောင်း သိရသည်။

ဘာမင်ဂမ်မြို့ အနောက်မြောက်ဘက်ရှိ ဂါကာအရပ်မှ မူလတန်းကျောင်းသည် အမိုးများလန်သွားသဖြင့် ကျောင်းကိုပိတ်ထားလိုက်ရသည်။ ထို့အပြင် မစ္စစ္စပီဒေသ အဝေးပြေးလမ်းတစ်လျှောက်ရှိ အိမ်ခြေများ ပျက်စီးခဲ့ပြီး သစ်ပင်များလည်းပြိုလဲခဲ့ရကြောင်း သတင်းကဖော်ပြသည်။

***အင်တာနက်။***

## မိုးသည်းထန်ပြီး ရေလျှံသဖြင့် ရောမတွင် ရေကြီးမှုဖြစ်

**ရောမ ဒီဇင်ဘာ ၁၄**

အီတလီနိုင်ငံ ရောမမြို့တော်တွင် ဒီဇင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးကြိုးမုန်တိုင်းကျရောက်ခဲ့သဖြင့် မြို့တော်ဒေသတွင် ရေကြီးကာ အသွားအလာ အဆက်အသွယ်များလည်း ပြတ်တောက်သွားသည့်အတွက် မြို့တော်ဝန်က အရေးပေါ်အခြေအနေ ကျရောက်နေကြောင်း ကြေညာပေးရန် အာဏာပိုင်များထံ ခွင့်ပြုချက်တောင်းခံထားသည်။

အဆိုပါအဖြစ်အပျက်ကြောင့် အနည်းဆုံးလူတစ်ဦး အသက်ဆုံးရှုံးသွားကြောင်းသိရသည်။ ပြီးခဲ့သောရက်အနည်းငယ်အတွင်းက အီတလီတွင် ရာသီဥတုဆိုးရွားသော အခြေအနေများနှင့် ကြုံတွေ့ရသည်။ နိုင်ငံတောင်ပိုင်းတွင် မိုးကြီးလေထန်ပြီး နိုင်ငံမြောက်ပိုင်းတွင် နှင်းများထူထပ်စွာ ကျရောက်သည့်အဖြစ်နှင့် ကြုံရသည်။

တီဘာနှင့်အာနီနီ မြစ်ရေများ လျှံတက်လာသဖြင့် ကြိုတင်ကာကွယ်သည့်အနေဖြင့် လူအများအပြားကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရသည်။ ထိုရေကြီးမှုကြောင့် ရထားများနောက်ကျရပြီး ယခင်ကတည်းက ပိတ်ဆို့နေသော ရောမမြို့၏ ယာဉ်သွားလမ်းများမှာ အခြေအနေ ပိုမိုဆိုးရွားသွားသည်။

***အင်တာနက်။***



**အီတလီနိုင်ငံ ရောမမြို့၏ ရေကြီးနေသော မြင်ကွင်းကို ဒီဇင်ဘာ ၁၁ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ရာသီဥတုပြောင်းလဲခြင်းကို တိုက်ဖျက်ရာ၌ တရုတ်နိုင်ငံသည် စံပြဖြစ်သည်ဟု ဘန်ကီမွန်းပြော

**ပို့စ်နန်(ပိုလန်) ဒီဇင်ဘာ ၁၄**

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသော တရုတ်ကိုယ်စားလှယ်အဖွဲ့၏ ခေါင်းဆောင်နှင့် တွေ့ဆုံရာတွင် ရာသီဥတုပြောင်းလဲခြင်းကို တိုက်ခိုက်ရာ၌ တရုတ်နိုင်ငံသည် အခြားသောနိုင်ငံအတွက် စံပြဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

ပိုလန်နိုင်ငံ ပို့စ်နန်မြို့၌ ကျင်းပနေသော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်နေသော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က တရုတ်နိုင်ငံသည် ဆွေးနွေးပွဲတွင် အပြုသဘောဆောင်သူအဖြစ် ပါဝင်ဆွေးနွေးလျက်ရှိသည်ဟု ပြောကြားသည်။

ပို့စ်နန် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဆွေးနွေးပွဲသည် လာမည့် ဒီဇင်ဘာလ၌ ကျင်းပမည့် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်ဆွေးနွေးပွဲအတွက် အရေးပါသော ဆွေးနွေးပွဲဖြစ်ကြောင်း၊ အရေးကြီးသော အဓိကအချက်သုံးရပ်ကို အားလုံးက သဘောတူရန်လိုအပ်ကြောင်း၊ ထိုသုံးချက်မှာ ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ကာလရှည်နှင့်ကာလလတ်အတွက် ကာဗွန်မိုနောက်ဆိုက်များ လျှော့ချရေး ရည်မှန်းချက်၊ ကမ္ဘာ့စီးပွားရေးကို ကာဗွန်အနည်းငယ်သာ ထွက်ရှိသော နည်းလမ်းသို့ ပြောင်းလဲရန် ကူညီရေး၊ ရန်ပုံငွေ ပိုမိုထည့်ဝင်ရေးနှင့် ရာသီဥတုပြောင်းလဲခြင်းကို သင့်လျော်အောင် ပြုပြင်ခြင်းတို့ဖြစ်ကြောင်း ဘန်ကီမွန်းက ပြောကြားသည်။

ဆင်းရဲသောနိုင်ငံများသည် ရာသီဥတုပြောင်းလဲခြင်း၏ ဆိုးကျိုးသက်ရောက်မှုကို ဖြေရှင်းရန် ကူညီရေးရန်ပုံငွေကို မြန်နိုင်သမျှ မြန်ဆန်စွာ စတင်နိုင်ရန် မျှော်လင့်ကြောင်း ဘန်ကပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

**အိန္ဒိယနိုင်ငံ ဘယ်လ်ဂမ်ဒေသတွင် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ အကြမ်းဖက်မှုနှိမ်နင်းရေး လေ့ကျင့် နေကြသည်ကို ဒီဇင်ဘာ ၁၀ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*






## ကမ္ဘာတစ်ဝန်းတွင် မတော်တဆမှုများကြောင့် ကလေးငယ် နေ့စဉ် ၂၀၀၀ သေဆုံးနေရ

**မနီလာ ဒီဇင်ဘာ ၁၄**

ကမ္ဘာပေါ်ရှိ ကလေးငယ် ၂၀၀၀ ကျော်မှာ မတော်တဆထိခိုက်ဒဏ်ရာရရှိမှုများကြောင့် နေ့စဉ် သေဆုံးနေကြရပြီး နှစ်စဉ်ကလေးငယ် ၁၀ သန်းမှာ ဘဝတစ်လျှောက်လုံး ဒုက္ခိတအဖြစ် မသန်မစွမ်းဖြစ်နေကြရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်)တို့၏ နောက်ဆုံးထုတ်ပြန်ခဲ့သော စာရင်းဇယားများတွင် ဖော်ပြသည်။

အသက် ကိုးနှစ်ကျော် အရွယ်တွင် မတော်တဆမှုကြောင့် ဖြစ်ပွားရသည့် ထိခိုက်ဒဏ်ရာများရရှိမှု အများဆုံးအချိန်ဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အဆိုပါအရွယ် ကလေးငယ် ၉၅ ရာခိုင်နှုန်းမှာ မတော်တဆ ထိခိုက်ဒဏ်ရာရမှုဖြင့် ရင်ဆိုင်နေကြရသည်။ သို့ဖြစ်၍ ကလေးငယ်များ ထိခိုက်နစ်နာနေမှုကို ကာကွယ်စောင့်ရှောက်ပေးရန် ပိုမိုလိုအပ်လာပြီဖြစ်သည်ဟု ဆိုသည်။

ကလေးငယ်များ ထိခိုက်ဒဏ်ရာရရှိကာ သေကျေသည်အထိ ဖြစ်ပွားရလေ့ရှိသော အဓိကပြဿနာ ငါးမျိုးမှာ လမ်းမပေါ်တွင် ကားတိုက်ခံရခြင်း၊ ရေနစ်ခြင်း၊ မီးလောင်ခြင်း၊ လဲကျခြင်းနှင့် အဆိပ်မိခြင်းတို့ဖြစ်သည်။ ၎င်းပြဿနာများကို ဖြေရှင်းရန် နည်းလမ်းများကို ရှာဖွေရန်အတွက် ကလေးငယ်များ ထိခိုက်ဒဏ်ရာရရှိမှု ကာကွယ်ရေးနှင့် သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဖွဲ့စည်းကာ ကမ္ဘာတစ်ဝန်းမှ ကျွမ်းကျင်သူ ၁၈၀ တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ဟုသိရသည်။

နှစ်စဉ် အသက် ၁၀ နှစ်မှ ၁၉နှစ်အကြားရှိ ကလေးငယ် ၁၀ သန်း ထိခိုက်ဒဏ်ရာရလျက်ရှိပြီး လမ်းပေါ်တွင် ဖြစ်ပွားသော မတော်တဆမှုများကြောင့် ကလေးငယ် ၂၆၀၀၀၀ မှာ သေဆုံးနေကြရကြောင်း စာရင်းဇယားများအရ သိရသည်။

***အင်တာနက်။***

## ဩစတြေးလျနိုင်ငံသားတစ်ဦး ခိုးရာပါဒိုင်းပစ်လောင်ချာများကို ဝယ်ယူမှုဖြင့် ထောင်ဒဏ်ကျခံရ

**ဆစ်ဒနီ ဒီဇင်ဘာ ၁၄**

ဩစတြေးလျနိုင်ငံသားတစ်ဦးသည် စစ်ဘက်မှခိုးယူခံရသော ဒုံးပစ်လောင်ချာ ခုနစ်ခုကို ဝယ်ယူစုဆောင်းမှုဖြင့် ထောင်ဒဏ်သုံးနှစ်နှင့်ခြောက်လ ကျခံစေရန် ဒီဇင်ဘာ ၁၀ရက်က အမိန့်ချမှတ်ခံရကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ ဒုံးပစ်လောင်ချာများအနက် အများစုမှာ ပြန်လည်သိမ်းဆည်းရမိခြင်းမရှိကြောင်း အာဏာပိုင်များက ပြောကြားသည်။ တာဟာအဗ္ဗဒူရာမန်က ၎င်းအနေဖြင့် ခိုးရာပါပစ္စည်းများကို လက်ခံခြင်းနှင့်အခွင့်မရှိဘဲ တားမြစ်လက်နက်ပစ္စည်းများကို ဝယ်ယူခြင်းအပြင် လက်နက်ရောင်းချမှုများ၌ ပွဲစားအဖြစ် ဆောင်ရွက်ပေးခဲ့သဖြင့် အပြစ်ရှိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။ သို့ရာတွင် ဒုံးပစ်လောင်ချာများမှာ အကြမ်းဖက်သမားများနှင့် ပြစ်မှုကျူးလွန်သူများထံသို့ ရောင်းချပြီးဖြစ်သည်ဟု ယူဆရကြောင်း အဆိုပါအမှုမှ တရားသူကြီး မတ်ခ်မာရီယန်က ပြောကြားသည်။

အသက် ၃၀ ရှိသည့် တရားခံအဗ္ဗဒူရာမန်သည် အဆိုပါဒုံးပစ်လောင်ချာများကို စစ်ဘက်မှ အနားယူပြီးဖြစ်သော ရှိန်းဒီလာ- ဗီဒိုဗာဆိုသူ ဗိုလ်ကြီးတစ်ဦးထံမှ ဝယ်ယူခြင်းဖြစ်သည်ဟုဆိုသည်။ ပျောက်ဆုံးနေသော လက်နက်များကြောင့် ဒေသလုံခြုံရေးကို စိုးရိမ်ရကြောင်း မာရီယန်က ပြောကြားသည်။

အဗ္ဗဒူရာမန်သည် အဆိုပါပြစ်မှုကြောင့် ထောင်ဒဏ်သုံးနှစ်နှင့်ခြောက်လ ကျခံရမည်ဖြစ်ပြီး ရှိန်းဒီလာ-ဗီဒိုဗာကို ဒုံးပစ်လောင်ချာခိုးယူမှု၊ ရောင်းချမှုဖြင့် ထောင်ဒဏ် ၁၀နှစ်ကျခံစေခဲ့သည်ဟု သိရသည်။ ***အင်တာနက်။***

အတည်ပြုချိန်-၁း၀၀

(15-12)05.pmd 1 12/15/2008, 3:09 AM

# ခရမ်းမြို့ ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ရွှေဝတ်ရည်သိမ်တော်ကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ကိုင်းကုန်းပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ကျင်းပသည့် ရွှေဝတ်ရည်သိမ်တော်ကြီး ဖွင့်ပွဲမင်္ဂလာအခမ်းအနားသို့တက်ရောက်၍ ရွှေဝတ်ရည်သိမ်တော်ကြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတအဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တာဝန်ရှိသူများနှင့် အလှူရှင်ဦးသိန်းဝင်း၊ ဇနီးသီဟသုမ္မသိဂီ ဒေါက်တာဒေါ်ရီရီနွယ်နှင့် သား မောင်ကျော်မျိုးမြင့်တို့က ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

# ရန်ကုန်မြောက်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော်  ဒီဇင်ဘာ  ၁၄

**ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စု အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက် မွန်းလွဲ ၂ နာရီတွင် အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းဆောင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်မုခ်ဦးကို အလှူရှင် IBTC ကုမ္ပဏီလီမိတက်နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာ အုပ်စု အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)






ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ကျောင်းဆောင်သစ် လွှဲပြောင်းပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာတိုင်းမှူးကအဖွင့်အမှာစကားပြောကြား၍အလှူရှင် IBTC ကုမ္ပဏီလီမိတက်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ပညာရေးမှူးကကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ရေပေးဝေရေး လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ခံအင်ဂျင်နီယာက လမ်းများ ပြုပြင်ဆောင်ရွက်မှုကို လည်းကောင်း ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ငမိုးရိပ်ရေလှောင်တမံ၏ ရေထိန်းမျှော်စင်မှနေ၍ ရေလှောင်တမံနှင့် ရေပိုလွှဲမှ ရေများ ငမိုးရိပ်ချောင်းအတွင်း ထုတ်လွှတ်နေမှုအခြေအနေများကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သဘာဝဘေးကာကွယ်ရေးနှင့် စီမံခန့်ခွဲရေး သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ရန်ကုန်တောင်ပိုင်းခရိုင်ဒလမြို့နယ် ညောင်ကုန်းရပ်ကွက်ရှိ ရာဇသင်္ကြန်ဘုရားကြီး တန်ဆောင်း၌ ဒီဇင်ဘာ ၇ ရက်က သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းဖွင့်လှစ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့ပေါ်နှင့် ကျေးရွာအုပ်စုများမှ သင်တန်းသား/သူ၂၂၀ အား မြို့နယ် စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးခင်မောင်ဝင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မျိုးသန့်တို့က သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာဘာသာရပ်များကို ပို့ချခဲ့ကြသည်။

(ဒလမြို့နယ်စာနယ်ဇင်း)

# အများအားဖြင့်သာယာမည်

ရန်ကုန်  ဒီဇင်ဘာ  ၁၄

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ် လွန်ခဲ့သော၂၄နာရီအတွင်း** ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက်(၈)ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် (၃)ဒီဂရီစင်တီဂရိတ်မှ (၄)ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (၄) ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပင်လောင်းမြို့တို့တွင် (၅) ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**ဒီဇင်ဘာ ၁၅ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့် ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့** နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၃ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၁ဒီဂရီ ဖာရင်ဟိုက်) ၁၃-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၇ဒသမ ၄ဒီဂရီစင်တီဂရိတ် (၆၃ဒီဂရီ ဖာရင်ဟိုက်) ၁၄-၁၂-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၆ရာခိုင်နှုန်း ၁၄-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း (၉ ဒသမ ၂)နာရီခန့် ၁၃-၁၂-၂၀၀၈



# မီးသတ်ဦးစီးဌာနသို့ သူနာတင်ယာဉ် ပေးအပ်လှူဒါန်း

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနတွင် မီးလောင်မှုများနှင့် အသက်ကယ်ဆယ်ရေး လုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော အမေရိကန်ဒေါ်လာ ၂၂၀၀၀ တန်ဖိုးရှိ BAWသူနာတင်ယာဉ်တစ်စီး (အမျိုးအစား BJ 6490 x BT3)ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် Myanmar Chemical & Machinery Co., Ltd. မန်နေဂျင်းဒါရိုက်တာဦးအောင်လှိုင်ဦးက လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး သူနာတင်ယာဉ်နှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများ ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (မီးသတ်ဦးစီး)

**မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းထံ မီးလောင်မှုများနှင့် အသက်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၂၂၀၀၀ တန်ဖိုးရှိ BAW သူနာတင်ယာဉ် တစ်စီးကို အလှူရှင် Myanmar Chemical & Machinery Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးအောင်လှိုင်ဦးက ဒီဇင်ဘာ ၁၄ ရက်တွင် ပေးအပ်လှူဒါန်းစဉ်။** (မီးသတ်)

# ယုဇနပလာဇာ မြေညီထပ်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန်  ဒီဇင်ဘာ  ၁၄**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာ မြေညီထပ်၌ ယနေ့ညနေ ၆ နာရီ ၂၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၇ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် မြေညီထပ်ရှိ ဆိုင်ခန်းအမှတ် F-19,F-20,E-19,E-20 ဆိုင်ခန်းလေးခန်းရှိ အထည်များ မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရခြင်းမှာ ဆိုင်ခန်းအမှတ် F-19 ရှိ သောက်ရေအေးစက် (Water Cooler) မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားရ ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၂-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အဆိုပြိုင်ပွဲ
၇း၅၅ ၅။ တံတားအလှပန်းလောင်
၈း၀၅ ၆။ **“ရှင်သန်ခြင်း”(မင်းဟိန်း၊ ဆုပန်ထွာ) [ဒါရိုက်တာ-ကိုအောင်မိုး (ပဲရစ်)]**
၈း၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀ ၈။ International News.
၈း၄၀ ၉။ တေးဂီတအစီအစဉ်
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ မြန်မာစာ၊ မြန်မာစကား
၄း၃၀ ၄။ အကပဒေသာ
၄း၄၅ ၅။ “စက်မှုကုန်ကြမ်းသီးနှံ ရော်ဘာ”
၄း၅၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ဒုတိယနှစ်(ဓာတုဗေဒ အထူးပြု)(ဓာတုဗေဒ)
၅း၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၂၀ ၈။ မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း
၅း၃၀ ၉။ **“မနိုင်သောအရှုံး” (ဟက်ကက်၊ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)**
၅း၄၅ ၁၀။ တေးဂီတအစီအစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၃။ ဆိုကြမယ်၊ ပျော်ကြမယ်
၇း၁၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “စူပါမင်းနှင့်မာနရှင်” (အပိုင်း-၁၅)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ “မြင့်မြတ်နှလုံးသားပိုင်ရှင်” (အပိုင်း-၉)**
၁၉။ အစီအစဉ်ပြီး၏။

**မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ**



(15-12)06.pmd 1 12/15/2008, 3:09 AM

# တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ မနော်ဟရီလမ်း၊ ၄၈ လမ်းနှင့် ၆၂ လမ်းကြား ကတ္တရာထပ်ပိုးလွှာတင် လမ်းသစ်ဖွင့်ပွဲ တက်ရောက်အားပေး



ရန်ကုန် ဒီဇင်ဘာ ၁၄

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်သော မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်း၊ ၄၈ လမ်းနှင့် ၆၂ လမ်းကြား ကတ္တရာထပ်ပိုးလွှာတင် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက် ၇ နာရီခွဲက မနော်ဟရီလမ်းပေါ်ရှိ ၆၁ လမ်းထိပ် မင်္ဂလာမုခ်ဦး၌ ကျင်းပသည်။**

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က လမ်းသစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ လမ်းသစ်သည် စုစုပေါင်း အရှည် ၇၄၃၁ ပေမှ ထပ်ပိုးလွှာတင်၊ အကျယ် ၁၈ ပေရှိကာ လမ်းဘေးဝဲ၊ ယာ လေးပေကို ကျောက်ကြီးစီ ကျောက်ပျက်ခင်းပြီး လမ်းပခုံးကို အခိုင်အမာပြုလုပ်ထားသဖြင့် လမ်းအကျယ် ၂၆ ပေ အသုံးပြုနိုင်ပြီး လမ်းသစ်ကို ၂၀၀၈ ခုနှစ် မေ ၁၂ ရက်မှ စ၍ လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

## တောင်တွင်းကြီးအထက(၁)နှင့်အလက(၂)အာစရိယပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၄

တောင်တွင်းကြီးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၏ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ အထက(၁)အတွက် ဒီဇင်ဘာ ၂၅ ရက်နှင့် အလက(၂)အတွက် ဒီဇင်ဘာ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပါရန်နှင့် လှူဒါန်းလိုသူများသည် အထက(၁)အတွက် ဒေါ်ခင်မာမာ ဖုန်း-၀၁-၆၈၇၅၄၉၊ ဒေါ်သင်းသင်းလှိုင် ဖုန်း-၀၁-၄၀၀၁၉၀၊ ဒေါ်ချိုချိုမြင့် ဖုန်း-၀၆၇-၄၀၉၄၂၁၊ဦးကြည် ဖုန်း-၀၉၂၀၁၉၄၂၃၊ ဦးဝိုင်းမောင် ဖုန်း-၀၆၃-၂၂၂၁၇၊ဒေါက်တာသန်းနိုင် ဖုန်း-၀၆၃-၅၀၂၇၅နှင့် အလက(၂)အတွက် ဒေါ်သင်းသင်းမြိုင် ဖုန်း-၀၁-၃၈၅၈၈၄၊ ဒေါ်မြင့်မြင့် ဖုန်း-၀၂-၆၅၆၂၅၊ ဦးအောင်ကျော်စိုး ဖုန်း-၀၆၃-၂၂၄၅၆၊ ဦးဌေးဇော် ဖုန်း-၀၆၃-၅၀၀၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ပညာရေး)



## အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အထက(၃)အင်းစိန် ယခင်အောင်ဆန်း ကျောင်း၌ ၁၉၅၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့် ဆရာ၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုသူများသည် ဦးစန်းမောင် ဖုန်း-၆၆၀၅၄၅၊ ဦးသောင်းဌေး ဖုန်း-၀၉၅၁၇၉၈၂၈၊ဒေါ်ခင်မြဦး ဖုန်း-၆၄၀၄၅၂၊ ဒေါ်ရွှေဇင် ဖုန်း-၀၉၅၆၆၂၀၂၉(ရုံးချိန်)၊ဦးငွေစိုး-ဒေါ်ဌေးဌေးဝင်း ဖုန်း-၀၉၅၀၆၇၅၅၄၊ ဒေါ်အေးအေးမော် ဖုန်း-၆၄၀၄၅၂ (ရုံးချိန်)တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ (၅၄၁)



## ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေးရှောင်တခင်စစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ဧရာဝတီတိုင်း တိုင်းဦးစီးမှူးဦးသိန်းဝင်း၊ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန တိုင်းဦးစီးမှူးဦးဂျွန်ရပ်(စ်)သောင်း၊ တိုင်းယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူးဇော်ဝင်း၊ မထသဥက္ကဋ္ဌ ဦးစိုးကြိုင်၊ အတွင်းရေးမှူး ဦးခင်မောင်ရင်တို့ ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာ ၂၈ ရက်က ကင်မလင်းကျွန်း အဝေးပြေးစခန်း၌ ခရီးသည်တင်ယာဉ်များကြံ့ခိုင်မှု၊ လုပ်ငန်းလိုင်စင်၊ ယာဉ်မောင်း၊ စပယ်ယာလိုင်စင်များ၊ မီးသတ်ဘူးများနှင့် ဆေးလိပ်မသောက်ရ ကြော်ငြာများ ချိတ်ဆွဲတပ်ဆင်ထားခြင်း ရှိ၊ မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေးအရေးယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၅၇)

## ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကွင်းဆင်း ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ခရိုင်ချင်းဆက်လမ်း အမှတ် (၁) ပေါက်ခေါင်းမြို့နယ် အပိုင်းသို့ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြသည်။

**(အပေါ်ပုံ)**

ထို့နောက် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်က လမ်း၊ တံတားများ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ကတ္တရာလမ်းခင်းရေးအတွက် ကျောက်စုဆောင်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ပေးခဲ့ကြောင်း သိရသည်။ (တိုင်းစည်ပင်)

## မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၄**

သယ်န်းကျွန်းမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဒီဇင်ဘာ ၁၃ ရက်က မြို့နယ်မီးသတ် ဦးစီးမှူး ရဲကျော်သူညဏ်ထွန်းနှင့်သန္ဓေ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ စံပြ/စီမံကိန်း ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးလှိုင်နှင့်အဖွဲ့ဝင်များက ပြည်သူများနေအိမ်၌မီးသုံးစွဲရာတွင် သတ်မှတ်ချက်နှင့် ညီညွတ်မှု ရှိ၊ မရှိနှင့် မီးသတ်အုတ်ရေကန်၊ မီးသတ်စက်ရေပိုက်နှင့်မီးကာကွယ်ရေး ပစ္စည်းများ စီမံထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဒေသအရန်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ရှင်းလင်းပြသကြသည်။

**(အောက်ပုံ)** (၅၀၆)



**သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ် ကျေးလက်တံတားလုပ်ငန်းဖြစ်သည့် ပေပင်သာရွာမှ မြေနီတောင်သို့ မြေသားလမ်းဖောက်လုပ်ခြင်းအပိုင်းတွင် ဦးသက်ပိုင်ဦး (အငယ်တန်းအင်ဂျင်နီယာ-၂) ဆောင်ရွက်လျက်ရှိသော သပြေကုန်းနှင့် ရှမ်းတောကျေးရွာကြား ပြွန်တံတား ဆောက်လုပ်ပြီးစီးမှုအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်တို့ ကွင်းဆင်းကြည့်ရှုစဉ်။**

(မြို့နယ်စည်ပင်)

## ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဟောပြောပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲ ၂ နာရီက ကန့်ဘလူမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးကြွယ်က ယခုနှစ် ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ "ကာကွယ်ကုသ ပြုစုလို့ အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့ အားလုံးပါဝင် ဆောင်ရွက်စို့" ဆောင်ပုဒ်ကို ရှင်းလင်းဟောပြောသည်။ (၃၈၆)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၅-၁၂-၂၀၀၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၀၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅:၁၅ ၉။ ကျန်းမာကြံ့ခိုင် တို့မဏ္ဍိုင်
၅:၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၄။ သွက်လက်လှုပ်ရှား ကစားစို့လား
၆:၄၅ ၁၅။လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ကြီးမြတ်သူတို့ နှလုံးသား(အပိုင်း-၂)**
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
၂၁။ မေးမြန်းစူးစမ်း
၂၂။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၂၃။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ရွှေမင်းသမီးရဲ့ဖူးစာ (အပိုင်း-၃၃)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

အတည်ပြုချိန်-၁း၀၀



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အမျိုးသားကန်တော်ကြီးဥယျာဉ် တတိယအကြိမ်မြောက်ပန်းပွဲတော်၌ ပြသထားသည့် ရောင်စုံဖူးပွင့်ဝေဆာနေသော ပန်းခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

ကောင်စီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် နံနက်၁၁နာရီခွဲတွင် ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင်ကားလမ်း မိုင်တိုင်အမှတ်(၂၇/၀)အနီးရှိ ရတနာပုံမြို့သစ် တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်နယ်မြေသို့ ရောက်ရှိပြီး ရှေးဦးစွာ ကိုယ်ပိုင်အိမ်ရာစီမံကိန်းမြေနေရာနှင့် အိုင်တီအလုပ်ရုံများ တည်ဆောက်မည့် မြေနေရာများ အကွက်ချဖော်ထုတ်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် တည်ဆောက်ပြီးစီး နေပြီဖြစ်သော Incubation Center အဆောက်အအုံများ အခြေအနေနှင့် စီမံကိန်းနယ်မြေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး Incubation Center အမှတ်(၇)သို့ ဝင်ရောက်၍ ပုဂ္ဂလိကကုမ္ပဏီပြခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ e-Telegram ပြခန်းများကို ဝင်ရောက်လေ့လာရာ ဆက်သွယ်ရေး၊စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

## ကြိုဆို

ထိုမှတစ်ဆင့် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် စီမံကိန်း၏အဓိကအဆောက်အအုံဖြစ်သော ရတနာပုံတယ်လီပို့သို့ ရောက်ရှိကြရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ ရတနာပုံမြို့သစ် တည်ဆောက်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ တာဝန်ရှိသူများနှင့် အိုင်တီပညာရှင်များ၊ ရတနာပုံအိုင်တီမြို့၌ ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်ကြမည့် ကုမ္ပဏီများမှ လုပ်ငန်းရှင်များက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ရတနာပုံတယ်လီပို့ ရှင်းလင်းဆောင်၌ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်တင်ငွေက ရတနာပုံမြို့သစ် စီမံကိန်းမြေဧရိယာ ဧက ၁၀၀၀၀၏ မြေအမျိုးအစားပါဝင်ဖွဲ့စည်းထားမှု၊ မြေသိမ်းဆည်း ပြီးစီးမှု၊ စက်ရုံများနှင့် ရုံးအဆောက်အအုံများ တည်ဆောက်လျက်ရှိသည့် ဧရိယာနှင့် ကိုယ်ပိုင်အိမ်ရာစီမံကိန်း မြေဧရိယာ အခြေအနေ၊ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## အဆင့်နှစ်ဆင့်ခွဲခြား

ယင်းသို့ ရှင်းလင်းတင်ပြရာ၌ ရတနာပုံမြို့သစ် စီမံကိန်းတွင် ပထမအဆင့်နှင့် ဒုတိယအဆင့် နှစ်ဆင့် ခွဲခြား၍ တည်ဆောက်ရာ၌ ပထမအဆင့် စီမံကိန်းဧရိယာမှာ ဧက ၂၂၀၀ ရှိပါကြောင်း၊ ယင်းဧရိယာ၌ ယခုအခါ Teleport အဆောက်အအုံနှင့် Incubation Center အဆောက်အအုံ ခုနစ်လုံးဆောက်လုပ်ပြီးစီးပြီးဖြစ်ပါကြောင်း၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီပေါင်း ၁၃ ခုက ရင်းနှီးမြှုပ်နှံလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုထားပြီးဖြစ်ရာ စက်ရုံပုံစံနှင့် ထုတ်လုပ်မည့် စက်ပစ္စည်းအမျိုးအစား၊ လူ့အရင်းအမြစ်စုဆောင်းလေ့ကျင့်ပျိုးထောင်မည့် အစီအစဉ်တို့ကို ကုမ္ပဏီအလိုက် တင်ပြအဆိုပြုထားပါကြောင်း တင်ပြပြီး မြို့ကွက်ဖော်ထုတ်ပြီးစီးမှု၊ လမ်းများဖောက်လုပ်မှု၊ ဆက်သွယ်ရေး စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ သောက်သုံးရေနှင့် လျှပ်စစ်ဓာတ်အားရရှိဖြန့်ဖြူးမှု၊ အိုင်တီလုပ်ငန်းများဖြင့် ဖွံ့ဖြိုးတိုးတက်နေမည့် ခေတ်မီ မြို့ဖြစ်ပေါ်လာရန် ကြိုးပမ်းစီစဉ်နေမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်က ပထမအဆင့်အဖြစ် ရတနာပုံမြို့သစ်မြောက်ပိုင်း၌ ကိုယ်ပိုင်အိမ်ရာ စီမံကိန်းကို ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ မြေကွက်ဝယ်ယူ၍ ကိုယ်ပိုင်အိမ်ရာဆောက်လုပ်နေထိုင်မည့်သူများအတွက် လိုက်နာရမည့် စည်းကမ်းများကိုလည်း သတ်မှတ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ပထမအဆင့်၌ အိမ်ရာမြေကွက်ပေါင်း ၁၉၄ကွက်ကို ဖော်ထုတ်လျက်ရှိပါကြောင်းဖြင့် ကိုယ်ပိုင်အိမ်ရာ စီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့က အိုင်တီလုပ်ငန်းများနှင့် ဆက်စပ်ညှိနှိုင်းလုပ်ကိုင်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## အိုင်တီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး

ထို့နောက် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့က အိုင်တီလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

## လမ်းညွှန်မှာကြား

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရတနာပုံမြို့သစ်၌ လက်ရှိရင်းနှီးလုပ်ကိုင်မည့် ကုမ္ပဏီအဖွဲ့အစည်းများ၏ အိုင်တီလုပ်ငန်းစက်ရုံ၊ အလုပ်ရုံများအမြန်ပေါ်ထွက်လာအောင် ညှိနှိုင်းဆောင်ရွက်ရေး၊ နောင်၌ လာရောက်ရင်းနှီးလုပ်ကိုင်မည့် လုပ်ငန်းရှင်များအတွက်လည်း မြေနေရာသတ်မှတ်ထားရှိရေး၊ အိုင်တီစီးပွားရေးလုပ်ငန်းများနှင့်အတူ ကိုယ်ပိုင်လူနေအိမ်များ စနစ်တကျ အမြန်ပေါ်ထွက်လာရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားသည်။




ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း Incubation Center အမှတ်(၇)ရှိ ပုဂ္ဂလိကကုမ္ပဏီပြခန်းနှင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ e-Telegram ပြခန်းများကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းဆိုင်ရာ ပုံစံကားချပ်များကိုလည်းကောင်း၊ သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ်ပွဲတော်တွင် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ အိုင်တီနည်းပညာသုံးပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးကြရာ ပြခန်းအလိုက် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ရှင်းလင်းပြသကြသည်။

## ပန်းပွဲတော်

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြပြီး တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ပြသထားသည့် ပြည်တွင်း၊ ပြည်ပ ပန်းမျိုးများဖြင့် ရောင်စုံဖူးပွင့် ဝေဆာနေသည့်ပန်းခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လိုက်လံရှင်းလင်းပြသသည်။ ပန်းပွဲတော်ကို ပူးပေါင်းပါဝင် ကျင်းပသော မြန်မာနိုင်ငံပန်းဝါသနာရှင်များအသင်းမှ တာဝန်ရှိသူများကလည်း ပန်းပွဲတော်၌ မိမိတို့ ခင်းကျင်းပြသထားသော ပန်းခင်းအလိုက် ပါဝင်ပြသထားမှုများကို အသီးသီးရှင်းလင်းပြသကြသည်။

တတိယအကြိမ်မြောက် ပန်းပွဲတော်တွင် ဧရိယာ လေးဧကအထိ တိုးချဲ့၍ ပြည်တွင်းပန်းမျိုးပေါင်း ၁၆မျိုး၊ ပြည်ပပန်းမျိုးပေါင်း ၇၀ကျော်ဖြင့် ပန်းပွင့်အရေအတွက် ခုနစ်သန်းကျော်ကို မြိုင်မြိုင်ဆိုင်ဆိုင် လှပစွာ ခင်းကျင်းပြသထားသည်။

ပန်းပြကွက်များအဖြစ် မြန်မာပြည်မြေပုံနှင့် ပန်းခုံ၊ ခြင်္သေ့ နှစ်ကောင်၊ ပန်းတောင်ကုန်းများ၊ နန်းမြင့်မျှော်စင်၊ မှိုတောင်ကုန်း၊ လေယာဉ်၊ သင်္ဘော၊ စနိုးမန်းစသည့် ပြကွက် ၁၅ကွက် ပြသထားသည်။

## ရည်ရွယ်ချက်

ပန်းပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ အမျိုးသားကန်တော်ကြီးဥယျာဉ်ရှိ ပန်းမန်မျိုးစုံကို တစ်ချိန်တည်း တစ်ပြိုင်တည်း ကြည့်ရှုလေ့လာနိုင်ရန်၊ မြန်မာ့ဂုဏ်ဆောင်ပန်းပွဲတော်ဖြစ်လာအောင် နှစ်စဉ်ကျင်းပပေးခြင်းဖြင့် ပြည်တွင်း ပြည်ပဧည့်သည်များကို ဆွဲဆောင်ဖိတ်ခေါ်ရန်ဖြစ်သည်။




## ခင်းကျင်းပြသ

၂၀၀၈ခုနှစ် သတ္တမအကြိမ်မြောက် မြန်မာအိုင်စီတီရက်သတ္တပတ် ပွဲတော်တွင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် ခေတ်မီအဆင့်မြင့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများ၊ အိုင်တီနည်းပညာသုံး ပစ္စည်းများ၊ ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းများကို တွေ့ရစဉ်။ (သတင်းစဉ်)



(15-12)08.pmd 1 12/15/2008, 3:09 AM

# ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်၊ ကျောက်တန်းနှင့် သုံးခွမြို့နယ်များရှိ ရေထိန်းတံခါးများနှင့် နွေစပါးစုပေါင်းစိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၁၄

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ချောင်းဝကျေးရွာအနီး ခရမ်းချောင်းပေါ်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည့် ခရမ်းရေထိန်းတံခါး၏ ကွဲ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သန်လျင်မြို့နယ် ဘယက်ကျေးရွာ၌ ကျင်းပသော စက်သုံးဆီချွေတာသည့် ရေရရှိရေးနည်းလမ်းများ သရုပ်ပြပွဲနှင့် နွေစပါးစိုက်ပျိုးပွဲသို့ သွားရောက်၍ ခြေနင်းရေတင်စက်နမူနာများ ပြသထားမှု၊ ခြေနင်းရေတင်စက်ဖြင့် မြစ်ရေကို လယ်ကွက်များအတွင်းသို့ ရေတင်နေမှုနှင့် တောင်သူဦးနေစိုး၏ ကွင်းအမှတ် (၆၈၂)၌ ရတနာအောင်စပါးမျိုးဖြင့် နွေစပါးသီးထပ်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ခြင်း ၁၀မိုင် ၂ဖာလုံ၏ ဘယက်ကျေးရွာအနီးရှိ ဒဂုံတံတားချဉ်းကပ်လမ်းအပိုင်း ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်တန်းမြို့နယ် ကဒပွနကျေးရွာအနီး ကဒပွနချောင်းပေါ်၌ ဆည်မြောင်း ဦးစီးဌာနတည်ဆောက်ရေး(၆)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ကဒပွနရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကဒပွနရေထိန်းတံခါးမှာ သံကူကွန်ကရစ် ရေထိန်းတံခါး အမျိုးအစားဖြစ်ပြီး ရေဆင်းဧရိယာ ၅၄ ဒသမ ၆ စတုရန်းမိုင်၊ ရေထုတ်မြောင်းမကြီး ပေ ၁၀၀၀၊ ရေခေါ်မြောင်းမကြီး ပေ ၂၀၀၀ရှည်လျားကာ အလျား ၁၆ပေ၊ အနံ ၆ပေ အရွယ်အစားရှိ ရေတံခါး ၂၇ပေါက် ပါဝင်သည်။ ရေထိန်းတံခါးပြီးစီးပါက စိုက်ပျိုးမြေဧက ၁၅၀၀၀ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သုံးခွမြို့နယ် တကောကျေးရွာအနီး တကောချောင်းပေါ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်ထားသည့် တကောရေထိန်းတံခါးသို့ သွားရောက်ပြီး ရေထိန်းတံခါးကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)



**အမျိုးသား ကန်တော်ကြီးဥယျာဉ် တတိယအကြိမ်မြောက် ပန်းပွဲတော်၌ ပြသထားသည့် ပြည်တွင်း၊ ပြည်ပ ပန်းမျိုးများဖြင့် ရောင်စုံဖူးပွင့်ဝေဆာနေသည့် ပန်းခင်းများကိုတွေ့ရစဉ်။**
(သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် အဆင့်မြင့်မွမ်းမံပြင်ဆင်ထားသည့် အမျိုးသား ကန်တော်ကြီးဥယျာဉ်၏ ဖွံ့ဖြိုးသာယာလှပမှုများနှင့် ပြည်သူအများ ပျော်ရွှင်စွာ အပန်းဖြေ အနားယူနေမှုများကို လှည့်လည်ကြည့်ရှုကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့်အဖွဲ့ဝင်များသည် အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အဆင့်မြင့်သစ်ခွဥယျာဉ်ကို ရောက်ရှိရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

**သစ်ခွဥယျာဉ်**

အဆင့်မြင့် သစ်ခွဥယျာဉ်ကို အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း တည်ထောင်ထားပြီး ပြည်နယ်၊ တိုင်းများမှ ပြည်တွင်းသစ်ခွမျိုးစေ့ ၃၀၀ကျော်ခန့်နှင့် ပြည်ပစပ်မျိုးသစ်ခွများကို အောင်မြင်စွာ စိုက်ပျိုးပြသထားသည်။ ရေရှည်တွင် ပြည်တွင်း၊ ပြည်ပသစ်ခွများကို စုဆောင်းမျိုးပွားနိုင်ရန်နှင့် မြန်မာမျိုးရင်းသစ်ခွများကို ကာကွယ် ထိန်းသိမ်းနိုင်ရန်အတွက် သစ်ခွဥယျာဉ်ကို တည်ထောင်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ သန်လျင်မြို့နယ် ချောင်းဝ ကျေးရွာရှိ ခရမ်းရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။**
(သတင်းစဉ်)






# ဒီဇင်ဘာ အားကစားလ လူထုလမ်းလျှောက်ပွဲ စစ်တွေမြို့၌ ဒုတိယပတ် စည်ကားစွာကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၄**

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲနှင့် အားကစားပြိုင်ပွဲကိုယမန်နေ့နံနက် ၆နာရီက စစ်တွေမြို့ နာရီစင်အနီး စာတိုက်ကြီးရှေ့မှ ဝေသာလီရင်ပြင် အားကစားကွင်းအထိ လမ်းလျှောက်ပွဲ ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်နယ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးလွင်၊ ပြည်နယ်အတွင်းရေးမှူး ဦးရဲနိုင်အောင်နှင့်ဇနီး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘကြည်နှင့်ဇနီး၊ အဖွဲ့ဝင် (၂) ဦးတင်မောင်နှင့်ဇနီး၊ ဒေသခံတပ်ရင်း တပ်ဖွဲ့များမှ အရာရှိ စစ်သည် မိသားစုများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ စစ်တွေခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာနှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အစိုးရမဟုတ်သော NGO များမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၂၃၀၀၀ကျော် တက်ရောက်၍ နာရီစင်စုရပ်မှ မေယုလမ်းအတိုင်း ဝေသာလီရင်ပြင်အားကစားကွင်းအထိစုပေါင်းလမ်းလျှောက်ကြသည်။

**(အပေါ်ပုံ)**

ဝေသာလီ အားကစားကွင်း၌ လမ်းလျှောက်သူများကိုယ်လက်ကြံ့ခိုင်ရေး လှုပ်ရှားမှုများပြုလုပ်ပြီး ဘတ်စကက်၊ ကြက်တောင်၊ ဘောလုံး၊ ဖူဆယ်၊ ဖယောင်းတိုင်မီးထွန်း လမ်းလျှောက်ပြိုင်ပွဲများ ကျင်းပရာ လမ်းလျှောက်သူများ ပါဝင်ကြပြီး ဆုရရှိကြသူများကို တာဝန်ရှိသူများက ငွေသားဆုများ ချက်ချင်းပေးအပ်သည်။ (၆၁)

## အထက(၁)လမ်းမတော်(စိန့်ဂျွန်း)မြတ်ဆရာပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

အထက(၁) လမ်းမတော် (စိန့်ဂျွန်း) ၁၉၆၈-၈၄ ပညာသင်နှစ် ကျောင်းသားဟောင်းများ ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ်မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကျောင်းခန်းမဆောင်ကြီး၌ ကျင်းပမည်ဖြစ်ရာ အောက်ဖော်ပြပါ အမှုဆောင် ကျောင်းသားဟောင်းများဖြစ်သည့် ကိုမျိုးသိမ်း ဖုန်း-၀၉-၅၀၀၂၂၅၄၊ ကိုသက်ဌေး ဖုန်း-၀၉-၅၀၀၆၆၅၂၊ ဒေါက်တာဟံဝင်း ဖုန်း-၀၉-၅၀၁၃၁၈၉၊ ကိုညိုထွန်း ဖုန်း-၀၉-၅၀၄၉၂၉၀၊ ကိုသန့်ဇင်ဦး ဖုန်း-၀၉-၅၀၁၆၀၇၀၊ ကိုကြည်လွင် ဖုန်း-၀၉-၅၁၁၀၆၈၁၊ ကိုမင်းသွင်ညွှန့် ဖုန်း-၀၉-၅၀၀၆၉၉၀၊ ကိုအောင်တင့် ဖုန်း-၀၉-၅၀၁၂၃၀၄၊ ကိုဝင်းကို ဖုန်း-၀၉-၈၀၂၂၅၅၂၊ ကိုဝင်းကြည် ဖုန်း-၀၉-၅၁၇၀၉၁၉၊ ဒေါက်တာမြင့်စိုး ဖုန်း-၀၉-၉၉၂၅၁၀၅၊ ကိုဇော်ဝင်းဦး ဖုန်း- ၀၉-၅၁၁၅၈၃၈၊ ကိုညဏ်ထွန်း ဖုန်း-၀၉-၅၀၁၃၈၃၇၊ ဒေါက်တာမင်းဇော် ဖုန်း-၀၉-၈၀၃၂၂၈၇၊ ကိုမင်းသိမ်း ဖုန်း-၀၉-၅၁၄၄၆၆၁၊ ကိုစောမြအောင် ဖုန်း-၀၉-၅၁၀၇၁၃၆ တို့သို့ အလှူငွေများ ပါဝင်လှူဒါန်းနိုင်သည်။

(ကြေးမုံ)

**သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဒီဇင်ဘာ ၇ရက်က လုပ်ငန်းခွင် အင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမင်းဇော်ထွန်းက ဗိုလ်မြေလမ်း ကတ္တရာ အဆင့်မြှင့်ခြင်းလုပ်ငန်း ဆောင်ရွက်နေရာသို့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးနိုင်ဦး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။**
(မြို့နယ်စည်ပင်)



## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇သန်းမှ စပါးတင်းသန်းပေါင်း ၅၁သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါးပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**



15-12)09.pmd 1 12/15/2008, 3:09 AM

# ပထမအကြိမ် အာရှ (Compound) မြားပစ်ပြိုင်ပွဲ ကျင်းပပြီးစီး အိမ်ရှင်မြန်မာမြားပစ်အသင်း ရွှေငါးခု၊ ငွေသုံးခုဖြင့် နိုင်ငံအလိုက် ပထမနေရာရရှိ

**သတင်းနှင့်ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)**

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ပထမအကြိမ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး အာရှ (Compound) မြားပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက




**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကိုရီးယားနိုင်ငံမှ Professor Park-Young-ILLမှ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သို့ လှူဒါန်းသော လေး၊ မြား၊ မြားအပိုပစ္စည်းများ၊ ဗီတာမင်-စီဆေးဘူး ၁၀၀ နှင့် ယခင်လှူဒါန်းထားသော မီနီဘတ်စ်ကားအတွက် အပိုပစ္စည်းများ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၀၀၀ ကို လက်ခံရယူစဉ်။**

ကျိုက္ကဆံ အမှတ်(၅)ဂိတ်ရှိ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ပြိုင်ကွင်းနှင့် လေ့ကျင့်ရေးကွင်းတို့၌ ဆက်လက်ကျင်းပခဲ့ရာ အိမ်ရှင် မြန်မာမြားပစ်အဖွဲ့က ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု ထပ်မံဆွတ်ခူးရရှိပြီး ပြိုင်ပွဲအပြီးတွင် ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်သုံးခု ဆွတ်ခူးရရှိကာ နိုင်ငံအလိုက် ပထမနေရာရရှိခဲ့သည်။

ပြိုင်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ၊ အာရှမြားပစ်အဖွဲ့ချုပ်ကောင်စီဝင်၊ အရှေ့တောင်အာရှ မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး အား/ကာနှင့်အမှုဆောင်များ၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.Sanguan kosavinta၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil နှင့် အတွင်းရေးမှူး Mr. Um Sung-Ho နှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်နိုင်ငံများ၊ မြားပစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာအသင်းက ရွှေတံဆိပ်၊ အိန္ဒိယအသင်းက ငွေတံဆိပ်တို့ ရရှိကြသည်။ ဗိုလ်လုပွဲတွင် မြန်မာအသင်းက အိန္ဒိယအသင်းကို ၂၀၄-၁၉၄ မှတ်ဖြင့် ပြတ်ပြတ်သားသား အနိုင်ရ ဗိုလ်စွဲသွားခြင်းဖြစ်သည်။ အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် အိန္ဒိယအသင်းက ရွှေတံဆိပ်၊ မြန်မာအသင်းက ငွေတံဆိပ်နှင့် ထိုင်းအသင်းက ကြေးတံဆိပ် ရရှိသည်။ ဗိုလ်လုပွဲတွင် အိန္ဒိယအသင်းက မြန်မာအသင်းကို ၂၁၆-၂၁၃ မှတ်ဖြင့် အနိုင်ရသွားခြင်းဖြစ်သည်။

ပြိုင်ပွဲများအပြီးတွင် ပထမအကြိမ် ကမ္ဘာ့အဆင့် သတ်မှတ်ရေးအာရှ Compound မြားပစ်ပြိုင်ပွဲနှင့် ချစ်ကြည်ရေး လက်ရည်စမ်းပြိုင်ပွဲ၌ ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက အမျိုးသမီး Compound အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရ မြန်မာအသင်း၊ ဒုတိယဆုရ အိန္ဒိယအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသား အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရအိန္ဒိယအသင်း၊ ဒုတိယဆုရ မြန်မာအသင်းနှင့် တတိယဆုရ ထိုင်းအသင်းတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြားပစ်ပစ္စည်းများ လှူဒါန်းပွဲကိုကျင်းပရာ ကိုရီးယားနိုင်ငံမှ Professor Park-Young-ILL မှ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်သို့ လှူဒါန်းသော လေး၊ မြား၊ မြားအပိုပစ္စည်းများ၊ ဗီတာမင်-စီ ဆေးဘူး ၁၀၀ နှင့် ယခင်လှူဒါန်းထားသော မီနီဘတ်စ်ကားအတွက် အပိုပစ္စည်းများ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၅၀၀၀ တန်ဖိုးရှိ ပစ္စည်းများကို Professor Park-Young-ILL က လှူဒါန်းရာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က လက်ခံရယူသည်။

ပထမအကြိမ် အာရှ(Compound) မြားပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကို ဒီဇင်ဘာ ၁၂ ရက် ည ၇ နာရီက ကရဝိက်နန်းတော်၌ ကျင်းပသည်။ အခမ်းအနားတွင် ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr.Sanguan Kosavinta နှင့် အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil တို့က အမှာစကား ပြောကြားသည်။ ဆက်လက်၍ အာရှမြားပစ်အဖွဲ့ချုပ် အတွင်းရေးမှူး Mr.Um Sung Ho က အမျိုးသမီးမီတာ ၇၀ တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်ရ အောင်ငြိမ်း(မြန်မာ)၊ ငွေတံဆိပ်ဆုရ လှလှစံ(မြန်မာ)၊ ကြေးတံဆိပ်ရ Manveer Kour (အိန္ဒိယ) တို့အား လည်းကောင်း၊ အာရှမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Maj (Rtd) Baharuddin Jamil က အမျိုးသားမီတာ ၇၀ တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ်ရ ရဲမင်းဆွေ(မြန်မာ)၊ ငွေတံဆိပ်ရ Amarinder (အိန္ဒိယ)၊ ကြေးတံဆိပ်ရ Ch Lenin(အိန္ဒိယ)တို့အား လည်းကောင်း၊ ကမ္ဘာ့မြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ Mr. Sanguan Kosavinta က အမျိုးသမီး တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ လှလှစံ(မြန်မာ)၊ ငွေတံဆိပ်ဆုရ အောင်ငြိမ်း(မြန်မာ)၊ ကြေးတံဆိပ်ရ Manveer Kour (အိန္ဒိယ) တို့အား လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမျိုးသားတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရ ရဲမင်းဆွေ (မြန်မာ)၊ ငွေတံဆိပ်ရ Ch Lenin (အိန္ဒိယ)နှင့် ကြေးတံဆိပ် I-Jaiwanjot Singh (အိန္ဒိယ) တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲဝင်နိုင်ငံ ခြောက်နိုင်ငံအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဂျူရီလူကြီးများနှင့် ဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။




**မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီ အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲတွင် ပထမ (မြန်မာ)၊ ဒုတိယ (အိန္ဒိယ)အသင်းတို့နှင့် ဆုယူအပြီး တွေ့ရစဉ်။**




# အာကာသသိပ္ပံ — နေကို လေ့လာစောင့်ကြည့်မည့်ဂြိုဟ်တု အိန္ဒိယနိုင်ငံ လွှတ်တင်ရန် စီစဉ် — ဘာသာပြန် တက်လူ

**နယူးဒေလီ ဒီဇင်ဘာ ၁၄**

အိန္ဒိယနိုင်ငံသည် အာကာသ စူးစမ်းလေ့လာရေး လုပ်ငန်းများကို တိုးချဲ့လျက်ရှိနေသည်ကို လေ့လာစောင့်ကြည့်မည့် ဂြိုဟ်တုတစ်လုံးကို လွှတ်တင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၁ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံသည် လစူးစမ်းလေ့လာရေးလုပ်ငန်းအတွက် ချန်ဒရာယန်း-၁ အမည်ရှိ အာကာသယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ပြီးနောက် နေကို ဆက်လက်လေ့လာသွားမည်ဖြစ်ကြောင်း အိန္ဒိယ အာကာသသုတေသနဌာန ဥက္ကဋ္ဌ မဟာဗန်နေယာက ပြောကြားသည်။

အိန္ဒိယ အာကာသသိပ္ပံပညာရှင်များသည် နေကိုလေ့လာရန်ပြင်ဆင်လျက်ရှိကြောင်း၊ နေ၏ အပြင်ပိုင်းဒေသကို စူးစမ်းလေ့လာနိုင်ရန် ဂြိုဟ်တုငယ်တစ်လုံးကို တည်ဆောက်ရမည်ဖြစ်ပြီး ယင်းဂြိုဟ်တုအတွက် ဒီဇိုင်းပုံစံ ထုတ်လုပ်ရန် စီစဉ်ထားကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့နိုင်ငံသည် ချန်ဒရာယန်း-၁ အာကာသယာဉ်ကို လွှတ်တင်နိုင်ခြင်းမရှိမီက ကမ္ဘာပတ်လမ်းကြောင်းထက် ကျော်လွန်ကာ အာကာသ စူးစမ်းလေ့လာမှု ပြုလုပ်နိုင်ခဲ့ခြင်း မရှိကြောင်း မဟာဗန်က ပြောကြားသည်။

နေလေ့လာရေး ဂြိုဟ်တုငယ် တစ်လုံးကို တည်ဆောက်ကာ နှစ်နှစ်အတွင်း လွှတ်တင်နိုင်မည်ဖြစ်ကြောင်း၊ ယင်းဂြိုဟ်တုကို Aditya ဟု အမည်ပေးထားပြီး ဒီဇိုင်းပုံစံ ရေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၁၁ခုနှစ်တွင် လလေ့လာရေး အာကာသယာဉ် တစ်စင်းကို ထပ်မံစေလွှတ်ဦးမည်ဖြစ်ကြောင်း၊ ချန်ဒရာယန်း-၂ **(အပေါ်ဓါတ်ပုံ)** ဟု အမည် ပေးထားသော အာကာသခရီးစဉ်အတွက် ရုရှားအာကာသအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယသမ္မတဟောင်း ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ခါလမ်က ပြောကြားသည်။

မိမိ၏နိုင်ငံသည် ထုတ်လုပ်မှုစရိတ် သက်သက်သာသာဖြင့် အာကာသယာဉ်များ တည်ဆောက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ အာကာသလေ့လာရေးစီမံကိန်းများအတွက် အသုံးစရိတ်မှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြစ်ကြောင်း၊ ယင်းမှာ နာဆာအသုံးစရိတ်၏ ၁၀ ပုံ တစ်ပုံသာရှိပြီး တရုတ်နိုင်ငံတွင် အစိုးရကခွင့်ပြုပေးသော အသုံးစရိတ်၏ ထက်ဝက်သာရှိကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

# မြတ်ဆရာ ပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၄**

စလေအထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီတွင် မြတမာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အငြိမ်းစားဆရာများ ကြွရောက်ပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများ ဖုန်း-၀၆၃-၄၀၂၁၃ နှင့် ၀၆၃-၄၀၂၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



မိတ္ထီလာကန် ဖြတ်ကူးတံတားနှင့် ပန်းအလှပင် စိုက်ပျိုးမှုကို သာယာလှပစွာ တွေ့မြင်ရစဉ်။

**✳ ကျော်ဖုံးမှ**

မြို့ပြနှင့်ကျေးလက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ထားမှုများကို လေ့လာခဲ့ရသည်။

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မြို့တွင်းလမ်းဘေးဝဲ/ယာ သာယာလှပမှုရှိစေရေးအတွက် မူလစိုက်ပျိုးထားသော ပန်းအလှပင်များအပြင် လမ်းမကြီးငါးသွယ်ဖြစ်သော မိတ္ထီလာ-မန္တလေးလမ်း၊ မိတ္ထီလာ-ရန်ကုန်လမ်း၊ မိတ္ထီလာ-သာစည်လမ်း၊ မိတ္ထီလာ-မလှိုင်လမ်း၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း လမ်းဘေးဝဲ/ယာများတွင် ထပ်မံ၍ စက္ကူပန်းပင်နှင့် နွယ်သာကီပင် စုစုပေါင်း အပင် ၅၀၀၀၀ ကျော်အား တိုးချဲ့စိုက်ပျိုးပြီး ရန်ကုန်လမ်း၊ မန္တလေးလမ်း၊ သာစည်လမ်း၊ ကျောက်ပန်းတောင်းလမ်းဘေး ဝဲ/ယာများတွင်လည်း မြေလျှောက်ပန်းများဖြင့် မြေယာရှုခင်းများ ပြုလုပ်ခြင်း၊ လမ်းလယ်ကျွန်းများ သာယာလှပမှုရှိစေရေးအတွက် ရန်ကုန်လမ်း လမ်းလယ်ကျွန်း၊ မန္တလေးလမ်း လမ်းလယ်ကျွန်း၊ နန်းတော်ကုန်းတြိဂံ၊ ဇွဲတြိဂံ၊ တီတီစီရှေ့တြိဂံတို့တွင် ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ နှစ်ရှည်ပင်ကြီးများဖြစ်သော တမာပင်နှင့် မဲဇလီပင်များ၏ အောက်ခြေတွင် မြေလျှောက်ပန်းများဖြင့် မြေယာရှုခင်းပြုလုပ်ခြင်း၊ လမ်းလယ်ကျွန်းများရှိ ရေတမာပင်များအား အမြဲတမ်း သပ်ရပ်လှပမှုရှိစေရန်အတွက် ပုံသွင်းဖြတ်တောက်ခြင်းများ ဆောင်ရွက်ထားသည်ကို တွေ့ခဲ့ရသည်။



မုန်ပင်ဆည်ရွာမှ ရပ်မိရပ်ဖ ဦးတင်ညွန့် ရွာအခြေအနေနှင့် ပတ်သက်၍ ကြေးမုံသတင်းအဖွဲ့သို့ ရှင်းလင်း ပြောကြားစဉ်။

မြို့တွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးအတွက် ခေတ်နှင့်အညီ လိုက်လျောညီထွေမှု မရှိသည့် မြို့လယ်သံဆန်ခါတန်းအား မူလပုံစံမှ ပြုပြင်၍ ပုံစံအသစ်ပြုပြင်ခြင်း၊ ပန်းခုံများ တိုးချဲ့ခြင်း၊ ပန်းခုံအတွင်း အဖိုးတန်အပင်များဖြစ်သော ဆိုက်ပရပ်ပင်၊ ရှန်ပိန်ပင်နှင့် အခြားမြေလျှောက်ပန်းများ စနစ်တကျ စိုက်ပျိုးခြင်း၊ မြို့အင်္ဂါရပ်နှင့်ညီစေရန် အလှမီးဆိုင်းတိုင်များ စိုက်ထူခြင်း၊ ရောင်စုံမီးသီးများထွန်းညှိခြင်း၊ ဆိုဒီယမ်မီးသီးများထွန်းညှိခြင်း၊ ယခင်သွယ်တန်းထားသော မီးကြိုးများအား စနစ်တကျဖြစ်စေရေးအတွက် မြေအောက် Cable စနစ်ဖြင့် ဆောင်ရွက်ထားရှိခြင်း၊ မြို့တွင်းလမ်းဘေးဝဲ/ယာတွင် မူလတပ်ဆင်ထားသော ဆိုဒီယမ်မီးလုံး ၂၅ လုံးရှိရာမှ ထပ်မံ၍ ဆိုဒီယမ်မီးသီး အလုံး ၁၃၀ အား တိုးချဲ့တပ်ဆင် ဆောင်ရွက်ပေးထားသည်။

မြို့တွင်းတွင် အမှိုက်များ၊ အမှိုက်ပုံများဖြင့် အကျည်းတန်မှု မရှိစေရေးအတွက် နေ့စဉ် အမှိုက်သိမ်းယာဉ်ခြောက်စီးဖြင့် ခေါင်းလောင်းတီး၍ အမှိုက်များအား သိမ်းခြင်း၊ မြို့တွင်းလမ်းများတွင် သန့်ရှင်းရေးလုပ်သားများဖြင့် နေ့စဉ် တံမြက်စည်းလှည်းခြင်းလုပ်ငန်းကို မြို့သန့်ရှင်းသပ်ရပ်မှုရှိစေရန် ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်း ရေရှည်တည်တံ့စေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်ထားရာ မိတ္ထီလာမြို့တွင်းနှင့် ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည် သာယာလှပလျက်ရှိနေသည်ကို တွေ့မြင်ရသည်။

ဆက်လက်၍ မြို့တွင်းလမ်းများ ပြုပြင်၊ ဖောက်လုပ်ဆောင်ရွက်နေမှုများကို လေ့လာကြည့်ရာ မြို့တွင်းလမ်းများအားလုံး ကတ္တရာလမ်းဖြစ်ရေးအတွက် ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ (၁၀)နှစ်စီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အထိ လမ်းအရှည် ၁၁၂ မိုင် ၂ ဖာလုံကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး နှစ်စဉ် ဘဏ္ဍာရေးနှစ်အလိုက် လျာထားသတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသနေ ပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် သွားလာဆက်သွယ်မှု လွယ်ကူစေရန်အတွက် ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှ ၂၀၃၁-၂၀၃၂ ဘဏ္ဍာနှစ်အထိ နှစ် (၃၀) နှစ်ရှည်စီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအစမှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်ကုန်အထိ မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်း ၁၉ လမ်းနှင့် မြေသားလမ်းအသစ်ဖောက်လုပ်ခြင်း ၁၆ လမ်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ကြေးမုံသတင်းအဖွဲ့သည် ရသမျှအချိန်အတွင်း မြို့ပြနှင့် ကျေးလက်ဆက်သွယ်သော လမ်းများ၊ ကျေးရွာချင်းဆက် လမ်းများအား သွားရောက်လေ့လာခဲ့သည်။ ရှေ့ဦးစွာ မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်းဘေး မြို့ပြလမ်းဖြစ်သော မကျီးကုန်းလမ်း(ရွှေစစ်သည်လမ်း) ကတ္တရာခင်းထားမှုကို လေ့လာခဲ့သည်။ ၎င်းလမ်းသည် ယခင်က ကျောက်ချောလမ်းဖြစ်ပြီး ယခုနှစ် ကတ္တရာအဆင့်မြှင့်သောလမ်းဖြစ်သည်။ မကျီးကုန်းမှ ကြာအင်းရွာစပ်အထိ ကတ္တရာလမ်းဖြစ်ပြီး ထိုမှဆက်လက်သွားပါက ကျေးလက်လမ်းအဖြစ် သဲတော၊ မြင်သာ၊ ရွှေစစ်သည်၊ တလင်းကုန်း၊ ချမ်းသာကြီး၊ အောင်သာ၊ ကတ္တူကန်၊ ဝက်ကျောက်၊ ကျီကုန်း စသည့် ကျေးရွာများသို့ ကျောက်ချောလမ်းခင်းထားပြီး ဖြစ်သည်။

ကြေးမုံသတင်းအဖွဲ့သည် အဆိုပါ မကျီးကုန်းလမ်း (ရွှေစစ်သည်လမ်း) အား ကြည့်ရှုလေ့လာနေစဉ် စက်ဘီးစီးလာသော ဦးခင်မောင်ရီ ဇနီးမောင်နှံအား လမ်းအခြေအနေနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ "ကျွန်တော်တို့က ရွာကုန်းကြီးရွာကပါ၊ အခုဝက်ကျောက်ရွာက ပြန်လာတာပါ၊ အရင်က မိုးတွင်းဆို စက်ဘီး၊ ဆိုင်ကယ် စီးလို့မရဘူး၊ အခုတော့ ရာသီမရွေး သွားလို့ရပါပြီ၊ လမ်းပန်းဆက်သွယ်ရေးကောင်းမှ စီးပွားရေးအဆင်ပြေမှာမို့ ယခုလို လမ်းတွေခင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"ဟု ပြုံးရွှင်စွာဖြင့် ဖြေကြားခဲ့သည်။

ဆက်လက်၍ ကြေးမုံသတင်းအဖွဲ့သည် ရန်ကုန်- မန္တလေး ကားလမ်းပေါ်ရှိ ကန်တောင်ကျေးရွာမှ အနောက်ဘက် တည်ပင်ကုန်းကျေးရွာအထိ ဖောက်လုပ်ထားသော သုံးမိုင်လေးဖာလုံရှိ ကျောက်ချောလမ်းအား သွားရောက်လေ့လာခဲ့သည်။ အဆိုပါလမ်းမှာ ယခင်က မြေသားလမ်းအဆင့်သာရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျောက်ချောလမ်းအဆင့် မြှင့်တင်ကာ လမ်းသားကိုလည်း ကားသွားနိုင်အောင် တိုးချဲ့ခဲ့သည်။ အဆိုပါ လမ်းတစ်လျှောက်ရှိ ကံတောင်၊ ညောင်ပင်ကုန်း၊ အောင်ကန်၊ ရွာသစ်ကြီး၊ ညောင်ပင်လှ၊ ခင်သာ၊ ပန်းတိမ်ကုန်း၊ မကျီးကုန်းစသည့် ကျေးရွာများသို့ ရာသီမရွေး သွားလာနိုင်ပြီဖြစ်သည်။



မိတ္ထီလာ-ကျောက်ပန်းတောင်းသွား ကားလမ်းရှိ မြို့ပြလမ်းဖြစ်သော မကျီးကုန်းလမ်း (ရွှေစစ်သည်လမ်း) ကျောက်ချောကတ္တရာလမ်းသည် ချောမွေ့လျက်ရှိပြီး သွားလာသူများအား တွေ့ရစဉ်။

ထိုမှဆက်လက်ပြီး ကန်တောင်ကျေးရွာမှ အရှေ့ဘက် မုန်ပင်ဆည်ရွာအထိ ဖောက်လုပ်ထားသော လမ်းအရှည် တစ်မိုင်ရှိ ကျောက်ချောလမ်းအား မုန်ပင်ဆည်ရွာအထိ သွားရောက်လေ့လာခဲ့သည်။ မုန်ပင်ဆည်ရွာမှ ရပ်မိရပ်ဖ ဦးတင်ညွန့် အား ရွာအခြေအနေနှင့် ပတ်သက်၍ အနည်းငယ်စပ်စုခဲ့ရာ "ကျွန်တော်တို့ရွာမှာ စံပြကျေးရွာနဲ့အညီ မြို့နယ်စည်ပင်ကနေ လေးလက်မ အဝီစိတွင်း တူးပေးထားသလို လမ်းကိုလည်း ကျောက်ချောလမ်းအထိ အဆင့်မြှင့်ပေးထားပါတယ်။ သောက်ရေ၊ သုံးရေအတွက် မပူပင်ရသလို သွားရေးလာရေးအတွက်လည်း အဆင်ပြေနေပါပြီ။ ရွာဖွံ့ဖြိုးရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားပါမည်"ဟု ပြောကြားသည်။

**ရာသီမရွေး သွားလို့ရ**

**အရင်က မိုးတွင်းဆို စက်ဘီး၊ ဆိုင်ကယ်စီးလို့ မရဘူး၊ အခုတော့ ရာသီမရွေးသွားလို့ရပါပြီ။**

*ဦးခင်မောင်ရီနှင့် ဇနီး (ရွာကုန်းကြီးရွာ)*



ကြေးမုံသတင်းအဖွဲ့လေ့လာခဲ့သမျှ လမ်းများတစ်လျှောက်တွင် ဒေသနှင့်ကိုက်ညီသော ပဲစင်းငုံ၊ ဝါ၊ နေကြာစိုက်ခင်းများကို စိမ်းစိမ်းစိုစို တွေ့မြင်ခဲ့ရသည်။

မိတ္ထီလာမြို့နယ်တွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရန်အတွက် မိတ္ထီလာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်ပေးထားရာ နှစ်စဉ် ပညာတတ်လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာလျက်ရှိသလို ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်းမြင့်မားစေရန်နှင့် သွားလာဆက်သွယ်မှု လျင်မြန်လွယ်ကူစေရန် သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ "မြို့ရွာများ အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဖွံ့ဖြိုးလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။




မိတ္ထီလာမြို့အဝင် မုခ်ဦးမှာလည်း ပန်းအလှပင်များဖြင့် သာယာစိုပြည်လျက်ရှိသည်ကို တွေ့ရစဉ်။

## စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၁၄**

မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအသင်းကြီးက ကြီးမှူး၍ (၄၄)နှစ်မြောက် စီးပွားရေးတက္ကသိုလ် တည်ထောင်သောနေ့ အထိမ်းအမှတ် (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စီးပွားရေးတက္ကသိုလ် (ရန်ကုန်) အခန်း(၁၀)၌ ကျင်းပမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ပညာသင်ယူဆဲ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြရန်နှင့် ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာမရောက်ရှိပါကလည်း မပျက်မကွက် တက်ရောက်ပါရန် နှိုးဆော်ထားသည်။

အလှူငွေများ လှူဒါန်းလိုပါက ကော်မတီ၏ ဘဏ်စာရင်းအမှတ်- မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်ခွဲ (၃)၊ ရန်ကုန် Current Account 000056 သို့ တိုက်ရိုက်ပေးသွင်း လှူဒါန်းနိုင်ကြောင်း၊ အလှူငွေနှင့် ပစ္စည်းများကို ဦးသင်းမောင်(ဥက္ကဋ္ဌ) ဖုန်း-၆၅၂၀၆၅၊ ၀၉၅၁၀၀၄၆၁၊ ဦးမြမောင် (ဒု-ဥက္ကဋ္ဌ) ဖုန်း-၅၄၅၆၀၆၊ ၀၉၅၁၀၁၄၉၈၊ ဗိုလ်မှူးတင့်လွင်(ငြိမ်း) ဖုန်း- ၆၆၆၂၇၀၊ ၀၉၅၀၀၆၇၇၆၊ ဦးခိုင်ဝင်း ဖုန်း-၃၈၃၈၃၅၊ ဦးတင်လှိုင် ဖုန်း-၆၅၁၄၀၀၊ ၀၉၅၁၄၂၁၄၉၊ ဦးမင်းသန့်ဌေး ဖုန်း-၅၃၄၅၄၉၊ ဒေါ်နန့်မေစန်း ဖုန်း- ၃၇၇၂၉၀၊ ဒေါ်ခိုင်ခိုင်အောင် ဖုန်း- ၂၂၁၃၀၂၊ ၅၄၃၁၀၃၊ ဒေါ်ကြိုင်ကြိုင်ထွန်း ဖုန်း-၇၀၆၉၃၀၊ ၀၉၈၀၃၀၉၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

အတည်ပြုချိန် - ၀၃း၀၀

# အဆင့်မြင့် သစ်ခွဥယျာဉ်မှ သစ်ခွပန်းတို့၏ အလှ



အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း တည်ဆောက်ထားသည့် အဆင့်မြင့် သစ်ခွဥယျာဉ်တွင် ပြည်တွင်း၊ ပြည်ပ သစ်ခွမျိုးစုံကို တွေ့ရစဉ်။

(သတင်း-ရွှေဖုံး) (သတင်းစဉ်)

မိတ္ထီလာမြို့ သန့်ရှင်းသပ်ရပ်မှုရှိစေရန်၊ လမ်းလယ်ကျွန်းများရှိ သစ်ပင်ပန်းမန်များအား စိမ်းလန်းစိုပြည်စေရန် ရေကားများဖြင့် လိုက်လံ၍ ရေပက်ဖျန်းပေးလျက်ရှိစဉ်။



# မြို့ပြနှင့် ကျေးလက် တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် သွားလာဆက်သွယ်မှုလည်း လျင်မြန်လွယ်ကူလျက်ရှိပြီ

သတင်းဆောင်းပါး-ဝင်းနိုင်(ကြေးမုံ)၊ မှတ်တမ်းဓာတ်ပုံ-ဌေးအောင်(ကြေးမုံ)

ယနေ့ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄) ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီး မြို့ပြနှင့်ကျေးလက် တစ်ပြေးညီဖွံ့ဖြိုးလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာတွင်လည်း လုပ်ငန်းများ ထိရောက်အောင်မြင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး အထောက်အကူပြု ကော်မတီကို ဖွဲ့စည်းလျက် အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိသည်။

ကြေးမုံသတင်းအဖွဲ့သည် မိတ္ထီလာမြို့သို့ရောက်ရှိစဉ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေး ဆောင်ရွက်ထားမှုများနှင့်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✳

**ပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားစေရန်နှင့် သွားလာဆက်သွယ်မှု လျင်မြန်လွယ်ကူစေရန် သက်ဆိုင်ရာဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသတင်း ဘာသာပြန်-သတင်းလုလင်

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးစံပြမြို့ အစ္စရေးတွင် ထူထောင်ရန်စီစဉ်

ဂျေရုဆလင် ဒီဇင်ဘာ ၁၄

အစ္စရေးနိုင်ငံမြောက်ပိုင်းတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စံပြမြို့တစ်မြို့ကို ထူထောင်ရန်စီစဉ်လျက်ရှိကြောင်း ယနေ့အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဂီဘိုအာတောင်ပေါ်ရှိ နူရစ်မြို့ငယ်လေးကိုအခြေပြုကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စံပြမြို့တစ်မြို့ ပေါ်ထွက်လာမည်ဖြစ်ကြောင်း မြို့ပြနှင့်အိုးအိမ်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နူရစ်မြို့သည် တောင်ပေါ်တွင် တည်ရှိသဖြင့် လေနှင့် နေရောင်ခြည်တို့မှ စွမ်းအင်ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ယင်းမြို့တွင် လေစွမ်းအင် တာဘိုင်စက်များနှင့် နေရောင်ခြည်မှ စွမ်းအင်ထုတ်လုပ်ရေးစက်ရုံများကို တည်ထောင်သွားမည် ဖြစ်ကြောင်း၊ ယင်းမြို့ရှိ ပြည်သူပိုင်အဆောက်အအုံများအားလုံးတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

အစ္စရေးလျှပ်စစ်ဓာတ်အားကုမ္ပဏီသည် ပြည်သူပိုင်အဆောက်အအုံများအပြင် ပုဂ္ဂလိကနေအိမ်များ၌လည်း နေရောင်ခြည်စွမ်းအင်ထုတ်လုပ်ရေး ကိရိယာများကို တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့ပြစီမံကိန်းအစီရင်ခံစာတွင် ဖော်ပြသည်။

နူရစ်မြို့တွင် နေထိုင်သူများသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ရန် ရေကို စနစ်တကျ သုံးစွဲရမည်ဖြစ်သည်။ ယင်းမြို့ရှိ နေအိမ်အားလုံးတွင် မိုးရေကို စုဆောင်းနိုင်ရန် ကန်များတည်ဆောက်ရမည်ဖြစ်ပြီး ပိုလျှံသည့် မိုးရေကို ပင်မရေလှောင်တမံသို့ ပေးပို့ကာ စုဆောင်းထားမည်ဖြစ်ကြောင်း၊ သဘာဝမိုးရေကို သုံးစွဲခြင်းဖြင့် မြေအောက်ရေ ထုတ်ယူအသုံးပြုမှု နည်းပါးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူက ပြောကြားသည်။ ***အင်တာနက်။***



အစ္စရေးနိုင်ငံမြောက်ပိုင်း ဂီဘိုအာတောင်ပေါ်ရှိ နူရစ်မြို့၌ တည်ဆောက်ထားသော အိမ်ကလေးများ။ *(ဓာတ်ပုံ-အင်တာနက်)*



(15-12)20.pmd 1 12/15/2008, 3:10 AM